# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 July 2024 ၁၁၅၂၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၁)နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲ (၁)နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိအဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။




# နိုင်ငံရေးသွတ်သွင်းမှုအပေါ် ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့ထုတ်ပြန်သည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ နိုင်ငံရေးရာအထူးကိစ္စရပ်များ တာဝန်ခံသံအမတ်က ဇူလိုင်လ ၁၅ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ဖတ်ကြားခဲ့ရာ အခြေအမြစ်မရှိသည့် မမှန်ကန်သော စွပ်စွဲချက်များပါရှိသဖြင့် မြန်မာနိုင်ငံက လက်မခံဘဲ ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ရှုတ်ချခဲ့သည်။

အဆိုပါ ပူးတွဲသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်ဖက်သတ်စွပ်စွဲချက်များ၊ အခြေအမြစ်မရှိသည့် အထောက်အထားများ၊ မှန်ကန်မှုမရှိသော သဘောထားများပါရှိပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၂၆၆၉ တွင်လည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေးသွတ်သွင်းမှု များစွာပါဝင်နေသည်ကိုတွေ့ရသည်။ ကုလသမဂ္ဂတွင် တံခါးပိတ်၊ တံခါးဖွင့် ပြုလုပ်လေ့ရှိသည့် လူ့အခွင့်အရေးဆိုင်ရာ အစည်းအဝေးများတွင်လည်းကောင်း၊ လုံခြုံရေးကောင်စီအစည်းအဝေးများတွင်လည်းကောင်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်ဖက်သတ် ဖိအားပေးလှုံ့ဆော်မှုများ မဖြစ်မနေပြုလုပ်လေ့ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများက မေတ္တာရပ်ခံလာသည့် ပြည်တွင်းခရီးသွားလာခွင့်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေခွင့်တို့ကို လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး အတတ်နိုင်ဆုံး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်လုံခြုံရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်အဖွဲ့အမျိုးမျိုးတို့၏ လူမဆန်သောတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ယနေ့အချိန်အထိ အပြစ်မဲ့ပြည်သူ ရှစ်ထောင်နီးပါး၏ အသက်များ ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

ကုလသမဂ္ဂတွင်ပြုလုပ်လေ့ရှိသည့် ပူးတွဲသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံရှိ အကြမ်းဖက်အဖွဲ့များ၏ လူမဆန်သောလုပ်ရပ်များကို မျက်ကွယ်ပြုထားပြီး နိုင်ငံအတွင်းရှိ အပြစ်မဲ့ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးနေသည့် လုံခြုံရေးအဖွဲ့များကိုမူ ပုံကြီးချဲ့ကား သတင်းမှားများဖြင့် စွပ်စွဲပြောကြားလေ့ရှိသည်ကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးအရသွတ်သွင်းမှုများ ပြုလုပ်နေသည်မှာ ထင်ရှားပေသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့အရေးကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် မြန်မာနိုင်ငံ၏ အခြေခံမူဝါဒ ရပ်တည်ချက်များနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်နေသည့် တိုင်းရင်းသားပြည်သူများကို ခွဲခြားမှုမရှိဘဲ အကူအညီများ အလျင်အမြန်ရောက်ရှိရေး အစဉ်တစိုက်အလေးထားလျက် နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် စစ်မှန်ကောင်းမွန်သည့်စိတ်ထားဖြင့် အကူအညီပေးလိုသည့်နိုင်ငံများနှင့်လည်းကောင်း အကောင်းဆုံး ပူးပေါင်းလက်တွဲဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသူများအတွက် အကူအညီများကို အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် ရယူလျက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကူညီဆောင်ရွက်မှုများကို အဟန့်အတားဖြစ်အောင် ပြုလုပ်နေသူများမှာ အကြမ်းဖက်သောင်းကျန်းသူများသာဖြစ်သည်။

မကြာသေးမီက ဂျီနီဗာမြို့တွင်ပြုလုပ်ခဲ့သည့် အပြန်အလှန်ဆွေးနွေးပွဲတွင်လည်း မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့်သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့ NUG နှင့်ဆက်နွှယ်နေသော အကြမ်းဖက် PDF အဖွဲ့များ၏ စွပ်စွဲမှုများနှင့် ပုံဖော်ပြောဆို ဝါဒဖြန့်မှုများပါဝင်သည့် အစီရင်ခံတင်ပြချက်များဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းမှ ဖယ်ကြဉ်ရန် သိသာစွာ ဦးတည်ထားသည်ကို တွေ့ရသည်။ ယခုလည်း မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းမှ ဖယ်ကြဉ်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့်ပတ်သက်၍ ပူးတွဲစွပ်စွဲပြောကြားမှုများ ပြုလုပ်လာပြန်သည်ကိုတွေ့ရသည်။

အစီရင်ခံစာတင်သွင်းမှုများသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် အကြမ်းဖက်အဖျက်သမားများ၏လုပ်ရပ်များကို မျက်ကွယ်ပြုလျက် မြန်မာနိုင်ငံနှင့်ပြည်သူများအပေါ် အကျိုးထိခိုက်မှုဖြစ်စေသည့် တစ်ဖက်သတ်အရေးယူပိတ်ဆို့မှုများဖြစ်ပေါ်လာအောင်၊ တည်ဆဲအစိုးရအခက်အခဲဖြစ်အောင် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်မှုများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြေပြင်အခြေအနေမှန်နှင့် ဖြစ်ရပ်မှန်အချက်အလက်များကို ထင်ဟပ်ဖော်ပြခြင်းမရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် သတင်းအမှားများကို အခြေခံပြီး နိုင်ငံရေးအရ သွတ်သွင်းမှုကိုဖြစ်စေသည့် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့်နိုင်ငံအချို့၏ သတင်းထုတ်ပြန်ချက်များကို လက်မခံ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချရမည်ဖြစ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

**(၂၀-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၉-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀) နာရီမှ (၂၀-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀) နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၃၈) ဦးရှိခဲ့ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၄) ဦးဖြစ်ပါသည်။ လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၂၀-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၇၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကွမ်း

**ဒေါက်တာထွန်းတင့်**

"တံတားဦးက ကွမ်းနုဝါ၊ ငါန်းမြာကဆေး။ ကွမ်းသီးတောင်ငူနဲ့၊ ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး။" ဤသို့ စာဖွဲ့ရသော ကွမ်းကို မြန်မာတို့နှစ်သက်ကြသည်။ အစပ်အဟပ်တည့်သော ကွမ်းယာကို ကွမ်းစားသူတို့ နှစ်သက်သည်။ အဓိကအားဖြင့် ကွမ်းရွက်ကောင်းကောင်း၊ ထုံးကောင်းကောင်း၊ ကွမ်းသီးကောင်းကောင်းကို အချိုးကျကျလျာထား၊ ယာထားသော ကွမ်းယာကို ကွမ်းစားသူတို့ စွဲကြသည်။ ရှားစေးကိုမူ ကြိုက်မှထည့်စားကြသည်။

ကွမ်းကို မြန်မာတို့ ရှေးရှေးကတည်းက စားခဲ့ကြသည်။ ပုဂံခေတ်ကျောက်စာများတွင် ကွမ်းဟူသော ဝေါဟာရကို များစွာတွေ့ရသည်။

"ဘုရားတရား၌ သင်ပုတ်ဆီမီးကွမ်းပန်းမပြတ်တင်စိမ့်သောငှာ" (ခေတ်စာလုံးပေါင်းပြန်) (သက္ကရာဇ် ၅၈၅၊ ပုံ ၇၃၊ ကြောင်းရေ ၃၀။)

"တစ်နေ့သော ဆန် သုံးပြည် သင်ပုတ်တင်စေသတည်း။ ဆီမီး သုံးခု၊ ကွမ်း သုံးယာတင်စေသတည်း။" (ခေတ်ပြန်) (သက္ကရာဇ် ၆၀၃၊ ပုံ၁၃၉၊ ကြောင်းရေ ၁၀-၁၁။)

"ဟင်းဖိုး၊ ကွမ်းဖိုး ခပင်းစုံ တစ်နေ့သော စပါး ၁၀ ပြည်" (ခေတ်ပြန်) (သက္ကရာဇ် ၆၀၃၊ ပုံ ၁၃၉၊ ကြောင်းရေ ၂၈-၂၉)

ပုဂံသူ၊ ပုဂံသားများသည် ဘုရားသခင်အား ဆွမ်း၊ ဆီမီး၊ ကွမ်း လှူကြသော ဓလေ့ဖြစ်ပါသည်။ မိမိတို့ စွဲမက်နှစ်သက်သောကွမ်းကို ဘုရားသခင်အား အလေးအမြတ်တင်လှူကြခြင်းဖြစ်သည်။

မြန်မာတို့စွဲမက်နှစ်သက်သော ကွမ်း၏အနက်ကို သိသင့်သည်ဟု ယူဆပါသည်။ မြန်မာဘာသာစကားသည် တစ်လုံးချင်းအနက်အဓိပ္ပာယ်ရှိသော ဧကဝဏ္ဏဘာသာစကားဖြစ်သဖြင့် ကွမ်း၏အနက်ရှိရပါမည်။ ကွမ်း၏အနက်ကို ဖော်ထုတ်ရပါမည်။ ဤတွင်ကွမ်း၏အနက်ကို စနစ်တကျဖော်ထုတ်ရန် လိုအပ်သဖြင့် မြန်မာစကားအနက်ကို ဖော်ထုတ်ရာတွင် များစွာအထောက်အကူပြုသော စနစ်တစ်ခုကို ဖော်ပြလိုပါသည်။

ထိုစနစ်မှာ စုတူသတ်စနစ်ဖြစ်ပါသည်။ ဤတွင် အကျယ်တဝင့် မရှင်းပြတော့ဘဲ အချုပ်မျှဖော်ပြပါမည်။ စုတူသတ်စနစ်၏ အချုပ်ဥပဒေသမှာ ကသတ်သည် ငသတ်နှင့်၊ စသတ်သည် ညကြီးသတ်-ဥ ကလေးသတ်နှင့်၊ တသတ်သည် နသတ်နှင့်၊ ပသတ်သည် မသတ်၊ သေးသေးတင်နှင့် အနက်တူသည်ဟူ၍ ဖြစ်ပါသည်။ စုတူသတ်က နက်တူရသည်။

စုတူသတ်စနစ်အရသော် ကွမ်းသည် ကွပ်နှင့်အနက်တူသည်ဟု ဆိုရမည်။ ထို့ကြောင့် မသတ်၏ အနက်ကို သိလိုလျှင် ပသတ်နှင့်ဖော်၊ ပသတ်၏အနက်ကို သိလိုလျှင် မသတ်နှင့် ဖော်ရပါမည်။

မြန်မာစာအဖွဲ့က ပြုစုသော မြန်မာအဘိဓာန်တွင် ကွပ်၏ အဓိပ္ပာယ်ကို-

၁။ ဆုံးမသည်။ ပဲ့ပြင်သည်။

၂။ တောင်း၊ ဖျာ စသည်၏ အနားကိုထိန်းချုပ်သည်။

၃။ ကွပ်ကဲသည်။

၄။ ကွပ်မျက်သည်။

၅။ သင်းသည် ဟူ၍ ဖွင့်ထားပါသည်။

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက် ၅-ခုတွင် အမှတ် ၂ "တောင်း၊ ဖျာ စသည်တို့၏ အနားကို ထိန်းချုပ်သည်" ဟူသောအဓိပ္ပာယ်သည် မူလအခြေခံဖြစ်သည်။

ထိုအနက်အဓိပ္ပာယ်ကို ထပ်ဆင့်၍ဆင်ခြင်လျှင် တောင်းကွပ်သည်၊ ဖျာကွပ်သည် စသည်တို့မှ "ကွပ်" အနက်၏ အခြေခံအနက်မှာလည်း "ကပ်" ဖြစ်သည်။ "ကပ်"သည် "ကျပ်၊ ကြပ်၊ ကွပ်၊ ကြွပ်"တို့အားလုံး၏ အခြေခံပင်ဖြစ်သည်။ ကပ်၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင်-

၁။ နီးသည်။ နီးစေသည်။

၂။ ငြိတွယ်သည်။ ငြိတွယ်စေသည်။

၃။ (ရတနာသုံးပါးအား) ရိုသေစွာ ပေးဆက်သည်။

၄။ အခွင့်အလမ်းတစ်စုံတစ်ရာကိုမျှော်၍ ပေါင်းသင်းဆက်ဆံသည်ဟူ၍ ဖွင့်ထားပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** - ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၈၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ နိုင်ငံတော်သြဝါဒစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကပ်လှူပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာသီဟနာဒကျောင်းတိုက် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ရာပြည့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပ လျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်** ဟူသော ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကိုအောင်မြင်စွာဆင်ယင်ကျင်းပပူဇော်နိုင်ခဲ့ပြီး ယနေ့တွင် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ပြည်သူများ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။

**အထူးစည်ကား**

နံနက်ပိုင်းမှစတင်၍ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာဖြင့် လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည့်အပြင် ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌လည်း စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင်ဘုရားဖူးလာပြည်သူများသည် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြကာ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျတည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလ ဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာ ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညနေပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ရှိလက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ရွှေလွမ်းတောင် စေတီတော်၊ နေရောင်ပြအင်း စေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မ စေတီတော်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနီယလေးဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

**အပန်းဖြေအနားယူ**

ထို့အတူ ဝါဆိုလပြည့်နေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်း အပန်းဖြေအနားယူရာနေရာများ၌လည်း လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ အနားယူအပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားခဲ့သည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေ တည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင် ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဗဟိဘိက္ခူ–ဟူသောစကားကို စတင်ကြားရသောနေ့ ဖြစ်သည့်အတွက် ထူးခြားလှသည့် ဂုဏ်အင်များနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်းစဉ်**



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်များအား လာရောက် ကြည့်ရှုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံ ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂ ၄၀၆၁၁၂၊ ၀၉ ၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂၀**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)ဖြစ်သည့်အားလျော်စွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ယနေ့နံနက် ၅ နာရီမှစ၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း၊ နတ်ဖြပဟ္မာများအားဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုး ဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်း ရွတ်ဆိုပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က ဓမ္မစက္ကပ္ပဝတ္တန ပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ကာ ရင်ပြင်တော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စေတီတော်ရင်ပြင် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားကို ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက အာရုံခံတန်ဆောင်းမုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ မြသိန်းတန်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ညှော့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသောင်းစိန်ဦးက အဖွင့်မင်္ဂလာစကားလျှောက်ထားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဝိနယ ဒီဃနိကာယ ပါဠိပါရဂူ ဘဒ္ဒန္တ နာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ဂေါပကရုံး၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်မြတ်တို့ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြကာ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာယူကြပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက ရွှေကြာသင်္ကန်းတော် ကိုင်ဆောင်လျက် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကိုလက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ မွန်းလွဲပိုင်းတွင်သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံးအပေါ်ထပ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပကြသည်။

အလားတူ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ကျိုက်ဝိုင်းစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ မဟာဝိဇယစေတီတော်၊ သမိုင်းဝင်မဟာ ဓမ္မရံသီအိမ်တော်ရာစေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာစေတီတော် ဂေါပကအဖွဲ့ဝင်များ ကြီးမှူး၍ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများကို ကျင်းပကြသည်။

ယနေ့ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာ ပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်း - ကိုကိုဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်(MNA)**



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)အခမ်းအနား ကျင်းပစဉ်။

## လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲနှင့် ဘုရားဖူးပြည်သူများဖြင့် စည်ကား

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး)ဘုရား၌ ဝါဆိုလပြည့်နေ့ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲကို ယနေ့ နံနက် ၇ နာရီက အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး)ဘုရား ဂန္ဓကုဋ်တိုက်၌ ကျင်းပသည်။

**ငါးပါးသီလခံယူ**

ဦးစွာ အခမ်းအနားကို "နမောတဿ"သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များက ငါးပါးသီလခံယူဆောက်တည်ပြီးနောက် ဝတ်အဖွဲ့များက စိန်ရောင်ခြည် ဘုရားပင့်ဂါထာဖြင့် ဘုရားပင့်ကာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား ပင့်ဖိတ်ခဲ့သည်။

ထို့နောက် ဝတ်အဖွဲ့များက ဓမ္မစကြာအမွှမ်းရွတ်ဆိုပူဇော်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များနှင့် ဝတ်အဖွဲ့များက ဓမ္မစကြာသုတ် ရွတ်ဖတ်ပူဇော်ပြီးနောက် ဆုတောင်းခြင်း၊ အမျှဝေခြင်း၊ သမ္မာဒေဝနတ်များကို ပြန်လည်ပို့ဆောင်ကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်းကြသည်။

**စည်ကားလျက်ရှိ**

အဆိုပါ ကျောက်တော်ကြီးဘုရား၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးပြည်သူများက ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ဉာဏ်ဟိန်း**



## သထုံမြို့နယ်၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ ပြည်သူများအေးချမ်းစွာ ဥပုသ်သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုလုပ်ခြင်းဖြင့် စည်ကား



သထုံ ဇူလိုင် ၂၀

မွန်ပြည်နယ် သထုံမြို့နယ် အတွင်းရှိ ဘုရားစေတီများ၊ ကျောင်းကန်ပုထိုးများတွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ၌ ဗုဒ္ဓဘာသာဝင် ပြည်သူများ အေးချမ်းစွာ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ကုသိုလ်ဒါန ပြုလုပ်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) နံနက်ပိုင်းမှစတင်ကာ သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီမြတ်ကြီး အပါအဝင် မြို့နယ်အတွင်း ထင်ရှားသည့် စေတီပုထိုးများ၌ ပြည်သူများ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူခြင်း၊ ဝါတွင်း တရားဓမ္မသဘင်များ ဆင်ယင်ကျင်းပခြင်း၊ ရပ်ကွက်/ကျေးရွာတို့ရှိ ဘုန်းတော်ကြီး ကျောင်းများ၌ ဥပုသ်သီလ ဆောက်တည်ကာ တရားဘာဝနာ ပွားများခြင်း၊ နဝကမ္မအလှူငွေ၊ လှူဖွယ်ပစ္စည်းစသည်ဖြင့် ဆက်ကပ်လှူဒါန်းကြခြင်းတို့ကို အေးချမ်းပျော်ရွှင်စွာ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကလောမြို့နယ်၌ ဓမ္မစကြာပါဠိတော်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ကျင်းပ

ကလော ဇူလိုင် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတို့က ဦးစီးကျင်းပသော ဓမ္မစကြာပါဠိတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ဓမ္မစကြာရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

**ဆောက်တည်ကြ**

ဦးစွာ တက်ရောက်လာကြသူများက ဗောဓိကုန်းပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ကလောမြို့မ ပရိယတ္တိစာသင်တိုက် ဆရာတော်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ သြဝါဒတရား ချီးမြှင့်ပေးပြီး ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် ဓမ္မစကြာပါဠိတော်ရွတ်ဖတ် ပြိုင်ပွဲအတွက် အလှူရှင်များကို ကလောမြို့ ဓမ္မစကြာ ရိပ်သာဆရာတော် ဦးကောသလ္လက ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ရာ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံရယူသည်။



အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းအဖွဲ့ ကိုးဖွဲ့ဖြင့် ဇူလိုင် ၁၉ မှ ၂၀ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

မန္တလေး ဇူလိုင် ၂၀

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့် အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိဓမ္မာရုံများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝါဆိုပန်းများကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**




အလားတူ မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းများ ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်း လှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့ လွှတ်ခြင်းစသည့် ကုသိုလ်ကောင်း မှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့မြင်ရသည်။

ထို့ပြင် မြို့၊ ရွာ၊ ရပ်ကွက်ရှိ ဓမ္မာရုံများတွင် ဆွမ်း၊ ခဲဖွယ် ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များက သီလပေး တရားတော်များနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်ခြင်းစသည့် တရားဓမ္မသံများဖြင့်လည်း ထုံမွမ်းလျက်ရှိသည်။

**ကုသိုလ်ကောင်းမှုပြု**

ယနေ့တွင် မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးသို့ ဒေသခံပြည်သူများသာမက အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်းများအပြင် ဥပုသ်သီတင်း သီလဆောက်တည်၍ တရားဘာဝနာအားထုတ်ခြင်းနှင့် ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်တို့ကို အဖွဲ့လိုက်၊ မိသားစုလိုက် ရွတ်ဖတ်၍ ကုသိုလ်ကောင်းမှုပြုကြသည်။

အလားတူ အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နှိမ်အောင်တော်မူမြတ်စွာဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစန ကျောက်စိမ်းစေတီတော် အပါအဝင် ဘုရား၊ စေတီများတွင် လာရောက် ဖူးမြော်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းဒါနပြုကြသည်။

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်၊ ကျုံးအရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ်၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင် ဦးဆောင်သောအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၂၀**

တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးကိုကိုလွင် ဦးဆောင်သောအဖွဲ့သည် တရုတ်ကွန်မြူနစ်ပါတီနှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများအကြား ဆက်ဆံရေးပိုမိုတိုးမြှင့်ရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီက ဆောင်ရွက်လျက်ရှိသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဆောင်ရွက်ပုံနည်းလမ်းများကိုလည်းကောင်း၊ ပါတီတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်မည်ဖြစ်ပြီး လေ့လာရေးခရီးစဉ်သည် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရွှေတောင်မြို့နယ် ယောထောင့်ကျေးရွာအနီး၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ထန်းလုံးချောင်းတာ ထူးပေါက်ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ ပါဝင်ကူညီဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် ရန်ကင်းတန်းလမ်း၌ ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် နတ်တလင်းမြို့ ရွှေလင်းဘိုးဘွားရိပ်သာသို့သွားရောက်၍အစောင့်အရှောက်ခံ အဘိုး၊ အဘွား ၂၁ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြားစားသုံးဖွယ်ရာများ၊ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇီးကုန်းမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က အားပေးကူညီလျက်ရှိသောMSMEs လုပ်ငန်းများဖြစ်သည့် တင်ဟော့ဇာထိုးပန်းထိုးအလုပ်ရုံနှင့် တက်လမ်းဆံပင်သန့်စင်ခြင်းလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် ကသည်းတန်းလမ်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော ဦးသက်ထွန်းဦး၏ (ငွေကြွယ်ပေါင်မုန့်လုပ်ငန်း)သို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ထုတ်ကုန်တစ်ခုချင်းအလိုက် ထုတ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေး၊ ပြည်ပဈေးကွက်အထိ တင်ပို့နိုင်ရေး ရည်မှန်းဆောင်ရွက်ရန်နှင့် FDA စစ်ဆေးခြင်းနှင့် ထောက်ခံချက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ် သမန်းကုန်းကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများ လက်ဆွဲကောက်စိုက်စက် အသုံးပြုရမည့် နည်းလမ်းများ၊ မြေယာတမန်းပြင်ဆင်ရမည့် အခြေအနေများ၊ ပျိုးထောင်စနစ်များစသည့် အခြေခံအချက်အလက်များအား သိရှိနားလည် အသုံးပြုနိုင်စေရေး ရှင်းလင်းသရုပ်ပြသမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် ပြည်နယ်ဒုတိယအဆင့်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၁၈ ရက်က ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကျိုင်းတုံ) ရုံးတွင် ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ပြည်နယ်လမ်းဦးစီးဌာန (ကျိုင်းတုံ)မှ ညွှန်ကြားရေးမှူး ဦးရဲလင်းတို့က မိုင်းပျဉ်း-တာကော် လမ်းပိုင်းအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် ဒုတိယအဆင့်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ လမ်းပိုင်းတွင် ခရီးသည်မော်တော်ယာဉ်၊ ကုန်တင်ယာဉ်များ သွားလာမှု များပြားလာသည့်အတွက် လမ်းပိတ်ဆို့မှုမရှိစေရေး၊ ကုန်စည်စီးဆင်းမှုချောမွေ့စေရေး ဆွေးနွေးတင်ပြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက မိုးတွင်းကာလအတွင်း ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့ပြင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးသည် တွဲဖက်ပြည်နယ်လမ်းဦးစီးဌာန (ကျိုင်းတုံ)ရုံး၌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ ကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်လမ်းတံတား တည်ဆောက်ရေး၊ သောက်သုံးရေရရှိရေး၊ ဆိုလာမီးရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အငှားအိမ်ရာ ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးသည် ကျိုင်းတုံမြို့နယ် ယန်းလောစ်ပြကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာတွင်းလမ်းခင်းကျင်းပေးနိုင်ရေး ၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကျေးရွာနေပြည်သူများအတွက် စီစဉ်ဆောင်ရွက်ပေးသည့် ငါးမွေးမြူရေးလုပ်ငန်းနှင့် ဝက်မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်သည် ဇူလိုင် ၁၉ ရက်တွင် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ-လွယ်မွေလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည့် လွယ်မွေဒေသ သောက်သုံးရေလုံလောက်မှုရရှိရေး လုပ်ငန်းများနှင့် ကျေးလက်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပန်ကွဲ-လွယ်မွေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လွယ်မွေစတုရဋ္ဌသုမင်္ဂလစေတီအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ (၄၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ (၄၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်းရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အဘိသန္ဓဗိမာန်တော်၌ ကျင်းပရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်၏ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရိန္ဒမထေရ်မြတ် အမှူးပြုသော





သံဃာတော် အရှင်သူမြတ်များ ကြွရောက် တော်မူကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် နှင့် တာဝန်ရှိသူများ၊ အလှူရှင် ဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားတွင် မဟာဝိဇိတာရုံကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒမထေရ်မြတ် ထံမှ မြို့တော်ဝန်အမှူးပြုသော ဧည့် ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော် ဘဒ္ဒန္တကေသရိန္ဒမထေရ်မြတ်ထံမှ သာဓုအနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြပြီး အခမ်းအနားပြီးမြောက်ခဲ့သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့၌ ကျိုက်မရောမြို့ရှိ ဘုရားကျောင်းကန်များ၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့်စည်ကား

**ကျိုက်မရော ဇူလိုင် ၂၀**

မွန်ပြည်နယ် ကျိုက်မရော မြို့နယ်၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့၌ သမိုင်းဝင် တန်ခိုးကြီးဘုရား တစ်ဆူဖြစ်သော ဆုတောင်းပြည့် ဘုရားကြီးနှင့် ဘုန်းကြီးကျောင်းများ၌ အလှူဒါနပြုသူများ၊ ဥပုသ်သီလ ဆောက်တည် ကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

**စည်ကားသာယာလျက်ရှိ**

ဝါဆိုလပြည့် ဓမ္မစကြာအခါ



တော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ကောင်းမှုကုသိုလ်များဖြင့် ပြည့်စုံပြီး စိတ်နှလုံးကြည်နူးချမ်း မြေ့ဖွယ် အချိန်ကာလဖြစ်သည့် အတွက် ဘုရားကျောင်းကန် စေတီပုထိုးများ ရှိရာနေရာများ၌ ဝါဆိုပန်းကပ်လှူသူ၊ သီလ ဆောက်တည်သူ၊ ဆန်၊ ဆီ၊ ဆေး၊ ဆားစသည့် လှူဖွယ်ဝတ္ထုအစုစုတို့အား လှူဒါန်းကြသူများဖြင့် အထူးစည်ကားနေပြီး အစိုးရရုံးပိတ်ရက်သုံးရက် ဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ကျိုက်မရော ဆုတောင်းပြည့် ဘုရားကြီးနှင့် ထန်းပင်တန်းတို့၌ အပန်းဖြေ အနားယူရင်း အလှဓာတ်ပုံရိုက်သူများဖြင့် စည်ကားသာယာလျက်ရှိကြောင်းသိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**



# ဇလွန်မြို့၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ဝါဆိုလပြည့် ဓမ္မစကြာနေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့မွန်းတည့် ၁၂ နာရီမှ စတင်၍ ပရိတ်တော်အဖွဲ့ ၁၃ ဖွဲ့က ဓမ္မစကြာသုတ်ကို ညနေ ၆ နာရီအချိန်ထိ အလှည့်ကျရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မင်းရွာကျေးရွာအုပ်စု မင်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကံကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ရှစ်ပါးနှင့် ဒေသခံပြည်သူ ၁၂၁ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ အဖျားရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက် အတွင်းရှိ အတုလာ ဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က ဥပုသ်သီလ ဆောက်တည်သူများဖြင့် စည်ကား များပြားလျက်ရှိသည်ကို တွေ့ရစဉ်။

တင်ဝင်းတင်

# ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ပခုက္ကူ ဇူလိုင် ၂၀**

မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ် ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား စေတီတော်မြတ်ကြီးတို့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**လာရောက်ကုသိုလ်ယူ**

သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူ မြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးတို့တည်ရှိရာ ပခုက္ကူမြို့သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများသည် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာ အခါတော်နေ့)တွင် ဘုရား၊ စေတီတော်မြတ်ကြီးများရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများအား ကပ်လှူခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် ဘုရား၊ စေတီတော်မြတ်ကြီးများ အတွင်းရှိ ဆရာတော်သံဃာတော်ကြီးများက သီလပေး တရားမြွက်ကြားရာ တရားနာယူသူများ၊ ဥပုသ်သီလ ဆောက်တည်သူများ၊ ဘုရား၊ စေတီတော်များတစ်လျှောက် လာရောက်လည်ပတ် အပန်းဖြေကြသူများ၊ ငါးအစာကျွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရ သည်။

**ဘာမီသာ(ပခုက္ကူ)**

# ဒီမိုကရေစီစံနှုန်းများ တဖြည်းဖြည်းလျော့ပါးလာသော အမေရိက

**အမေရိကန်နိုင်ငံရေးလောကက အရင်လိုပျော်စရာ၊ အတုယူစရာ မကောင်းတော့ဘူးဗျ။ အရင်က ပျော်စရာ၊ အတုယူစရာ ကောင်းတယ်ဆိုတာက ရွေးကောက်ပွဲအကြို မဲဆွယ်ကာလတွေ၊ ပါတီညီလာခံတွေမှာ ထောက်ခံအားပေးသူတွေက "God Bless America" လို့ ဆုတောင်းကြ၊ သီချင်းတွေ သံပြိုင်သီဆိုကြ၊ ကကြ၊ ခုန်ကြ။ သမ္မတလောင်းတွေ၊ ကိုယ်စားလှယ်လောင်းတွေကလည်း ပြိုင်ဘက်သမ္မတ၊ ပြိုင်ဘက်ကိုယ်စားလှယ်တွေရဲ့ လက်ရှိပေါ်လစီတွေကို ဝေဖန်ကြ၊ ငယ်ကျိုးငယ်နာတွေကိုဖော်ပြီး သရော်ကြ၊ လှောင်ပြောင်ကြနဲ့ ဘေးကကြည့်တဲ့သူတောင် ပျော်စရာကောင်းနေရော။**

မောင်ကမ္ဘာ

အဲ...ရွေးကောက်ပွဲပြီးရင်တော့ ဒီမိုကရေစီစံနှုန်း၊ ဒီမိုကရေစီယဉ်ကျေးမှုနဲ့အညီ တစ်ဦးအပေါ်တစ်ဦး ဖွေမယူဘဲ နိုင်တဲ့သူက ရှုံးတဲ့သူကို နားလည်စာနာမှုနဲ့ ဖက်လဲတကင်းနှုတ်ဆက်ကြ၊ အရှုံးသမားကလည်း အနိုင်/ အရှုံးကို အသိအမှတ်ပြုပြီး ဂုဏ်ပြုစကားပြောကြနဲ့ အတုယူစရာကောင်းနေရော။

ပြည်သူများကလည်း မိမိတို့နဲ့မဆိုင်သလိုမနေ၊ နိုင်ငံကြီးသားပီသစွာ နိုင်ငံရေးစိတ်ဓာတ်အပြည့်နဲ့ အမျိုးသားရေးတာဝန်တစ်ရပ်လို သဘောထားပြီး ဟောပြောပွဲတွေမှာ တင်ပြသင့်တာ တင်ပြကြ၊ မကျေနပ် မနှစ်သက်စရာတွေကို ရင်ဖွင့်ကြ၊ ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးပြောဆိုကြရုံမက နောက်တက်မယ့်သမ္မတလောင်း၊ ကိုယ်စားလှယ်လောင်းရဲ့ကိုယ်ရည်ကိုယ်သွေးကို တိုင်းတာဆန်းစစ်အကဲခတ်လေ့ရှိကြတယ်။

အမေရိကန်သမ္မတလုပ်မယ့် ပုဂ္ဂိုလ်ဟာ တိုင်းပြည်နဲ့ချီပြီး တာဝန်ယူရမယ့်အရည်အချင်းရှိ / မရှိ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တကိုယ်ကျင့်တရားကောင်း၊ မကောင်းကအစ လေ့လာဆန်းစစ်လေ့ရှိကြတယ်။

**သမ္မတတွေရဲ့ အကျင့်စာရိတ္တ ကိုယ်ကျင့်တရားတွေပါ တဖြည်းဖြည်းလျော့ပါးလာ**

သို့သော်လည်း နောက်ပိုင်းကာလ အမေရိကန်နိုင်ငံရေးလောကကတော့ ဒီမိုကရေစီစံနှုန်းတွေ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေအပြင် သမ္မတတွေရဲ့ ကိုယ်ကျင့်သိက္ခာတွေ၊ အကျင့်စာရိတ္တ ကိုယ်ကျင့်တရားတွေပါ တဖြည်းဖြည်းလျော့ပါးလာပြီလို့ဆိုရမယ်။ သမ္မတ ဘီလ်ကလင်တန် လက်ထက်မှာ အိမ်ဖြူတော်လုပ်အားပေးဝန်ထမ်း မော်နီကာ လူဝင်စကီးနဲ့ သမ္မတ ကလင်တန်တို့ရဲ့ လူမှုရေးအရှုပ်တော်ပုံတွေ ပေါ်ပေါက်လာပြီး ကမ္ဘာတစ်ခွင် ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ရတယ်။ ရွေးကောက်ပွဲတွေမှာလည်း ဒီမိုကရေစီစံနှုန်းတွေ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေ လျော့ပါးလာပြီး အငြင်းပွားမှုတွေကြောင့် တရားတဘောင်တက်ပြီး ရှင်းရတဲ့ကိစ္စတွေ ပေါ်ပေါက်လာတယ်။

၂၀၀၀ ပြည့်နှစ်အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလစ်ကင်ပါတီ သမ္မတလောင်း ဂျော့ဒဗလျူဘုရှ်နဲ့ ဒီမိုကရက်တစ်ပါတီသမ္မတလောင်း အယ်လ်ဂိုး (သမ္မတ ဘီလ်ကလင်တန်ရဲ့ ဒုတိယသမ္မတအဖြစ် သက်တမ်းနှစ်ကြိမ် ထမ်းဆောင်ခဲ့သူ) တို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာမှာ အယ်လ်ဂိုးဟာ လူထုထောက်ခံမဲအများစုရပေမယ့် သမ္မတရွေးချယ်ရေးအဖွဲ့မဲ(Electoral Vote)မှာ ပြဿနာဖြစ်ခဲ့ရာက နောက်ဆုံးတရားရုံးချုပ်တက်ပြီး အဆုံးအဖြတ်ခံယူရတဲ့အဆင့်အထိ ဖြစ်ခဲ့တယ်။

အမေရိကန်ပြည်ထောင်စုဟာ ပြည်နယ်ပေါင်း ၅၀ နဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်ကို ကွန်ဂရက်(Congress)လို့ ခေါ်ပြီး အထက်လွှတ်တော် ဆီးနိတ် (Senate)နဲ့




အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့၌ ဇူလိုင် ၁၃ ရက်က မဲဆွယ်စည်းရုံးစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရပြီးနောက် ထောက်လှမ်းရေးဌာနမှ အရာရှိများက ဝိုင်းဝန်းကာကွယ်ထားသည်ကို တွေ့ရစဉ်။

အောက်လွှတ်တော် (House of Representatives) နှစ်ရပ်ပေါင်းနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

အထက်လွှတ်တော်မှာ ကိုယ်စားလှယ်စုစုပေါင်း ၁၀၀ ရှိပါတယ်။ တစ်ပြည်နယ်ကို နှစ်ဦးနှုန်းနဲ့ပါ။ သက်တမ်းအားဖြင့် ခြောက်နှစ်ဖြစ်ပါတယ်။ အောက်လွှတ်တော်ကိုယ်စားလှယ်တွေကိုတော့ ပြည်နယ်တွေက လူဦးရေအလိုက်ရွေးချယ်ပါတယ်။ အောက်လွှတ်တော်မှာ ပြည်နယ်အားလုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး သက်တမ်းအားဖြင့် နှစ်နှစ် သတ်မှတ်ထားပါတယ်။ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်နှစ်ရပ်လုံးအတွက် ကိုယ်စားလှယ်အမတ်တွေကို လူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ကြပါတယ်။

**သမ္မတရွေးချယ်ရေးအဖွဲ့ မဲကသာလျှင် အဆုံးအဖြတ်ဖြစ်**

သမ္မတကို ရွေးကောက်တင်မြှောက်ရာမှာတော့ လွှတ်တော်နှစ်ရပ်ပေါင်းကွန်ဂရက်က ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၅၃၅ ဦးနဲ့ အစိုးရရုံးစိုက်ရာ ဝါရှင်တန်(ကိုလံဘီယာ ဒိစတြိတ်)မှလာတဲ့ ကိုယ်စားလှယ် သုံးဦးနဲ့ပေါင်းပြီး စုစုပေါင်း ကိုယ်စားလှယ် ၅၃၈ ဦးနဲ့ ဖွဲ့စည်းထားတဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ (Electoral College)ရဲ့ သမ္မတရွေးချယ်ရေးအဖွဲ့မဲ (Electoral Vote) ကသာလျှင် အဆုံးအဖြတ်ဖြစ်ပါတယ်။

ပြည်သူတွေက ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တို့ရဲ့ မဲဟာ ပြည်သူ့မဲ၊ ပြည်သူ့သဘောထားအဖြစ် သတ်မှတ်ပြီး သွယ်ဝိုက်ရွေးချယ်နည်းဖြစ်ပါတယ်။ ယင်းပြည်သူ့ကိုယ်စားလှယ် ၅၃၈ ဦးရဲ့ Electoral Vote ကိုယ်စားလှယ်မဲထက်ဝက်ဟာ ၂၆၉ မဲဖြစ်လို့ တစ်ဝက်ထက်တစ်မဲပိုတဲ့မဲပေါင်း ၂၇၀ ရတဲ့ သမ္မတလောင်းသာလျှင် သမ္မတအဖြစ် အရွေးချယ်ခံရမှာ ဖြစ်ပါတယ်။

ပြည်သူ့ထံမှတိုက်ရိုက်လာတဲ့ ပြည်သူ့မဲ (Popular Vote)က အဆုံးအဖြတ်မဟုတ်ပါဘူး။ ပြည်သူ့မဲမှာရှုံးပြီး အဆုံးအဖြတ်ဖြစ်တဲ့ သမ္မတရွေးချယ်ရေးအဖွဲ့မဲ (Electoral Vote)မှာ မဲတစ်ဝက်ကျော်တဲ့အတွက် သမ္မတအရွေးခံရတဲ့အဖြစ်မျိုး အမေရိကန်သမိုင်းမှာ နှစ်ကြိမ်ရှိခဲ့ဖူးပါတယ်။

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အယ်လ်ဂိုးကတော့ ပြည်သူ့မဲမှာနိုင်ပြီး သမ္မတရွေးချယ်ရေးအဖွဲ့မဲမှာ ရှုံးခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အယ်လ်ဂိုးဟာ နောက်ဆုံးမှာ တရားရုံးချုပ်အဆုံးအဖြတ်ကို အငြင်းမပွားတော့ဘဲ ဘုရှ်ကိုအရှုံးပေးပြီး နိုင်ငံရေးနယ်က စွန့်ခွာသွားခဲ့ပါတယ်။ နောက်ပိုင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပဲ ဇောက်ချလုပ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုတောင် ရသွားခဲ့တယ်။

**အမေရိကန်ဒီမိုကရေစီစံနှုန်းတွေ လျော့ပါးလာ**

သမ္မတဒေါ်နယ်ထရမ့်နဲ့ပြိုင်ဘက် သမ္မတလောင်း ဂျိုးဇက်ဘိုင်ဒင်တို့ရဲ့ခေတ် ၂၀၂၀ သမ္မတရွေးကောက်ပွဲမှာတော့ တစ်ချိန်ကပျော်စရာ၊ အတုယူစရာကောင်းခဲ့တဲ့ အမေရိကန်ဒီမိုကရေစီစံနှုန်းတွေနဲ့ ဒီမိုကရေစီယဉ်ကျေးမှုအစဉ်အလာတွေဟာ လျော့ပါးလာရုံမက ပျက်သုဉ်းပျက်စီးလာပြီလို့ပဲ ဆိုရမလို ဖြစ်လာတယ်။

မဲမသမာမှုတွေရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ၊ အငြင်းပွားမှုတွေကတစ်ဆင့် အာဃာတတွေ၊ မုန်းတီးမှုတွေဖြစ်ပေါ်လာပြီး အရှုံးကိုလက်မခံတဲ့ ထရမ့်ရဲ့ လှုံ့ဆော်မှုနဲ့ ထရမ့်ကို ထောက်ခံတဲ့ လူအုပ်စုကြီးဟာ အမေရိကန်လွှတ်တော် အဆောက်အအုံကို အကြမ်းဖက် ဝင်ရောက်စီးနင်းတဲ့အထိ အမေရိကန်ရဲ့ ဒီမိုကရေစီစနစ်ဟာ ဝရုန်းသုန်းကားဖြစ်လာခဲ့ပါတယ်။

**တစ်ကျော့ပြန် မကျေပွဲနွှဲကြပါဦးမယ်**

ယခုလာမယ့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတော့မယ့် သမ္မတရွေးကောက်ပွဲမှာလည်း ရီပတ်ဘလစ်ကင်သမ္မတလောင်း သမ္မတဟောင်း ထရမ့်နဲ့ ဒီမိုကရက်တစ် သမ္မတလောင်း လက်ရှိသမ္မတဂျိုးဇက်ဘိုင်ဒင်တို့ တစ်ကျော့ပြန် မကျေပွဲနွှဲကြပါဦးမယ်။ သမ္မတလောင်းနှစ်ဦးရဲ့ ပုံရိပ်နဲ့ပတ်သက်ပြီး ကာတွန်းဆရာတစ်ဦးက ပုံဖော်ထားပုံကတော့ ဗိုးချဲလက်တွန်းလှည်းကို အားပြုသွားနေတဲ့ ဘိုင်ဒင်ကြီးနဲ့ တရားရုံးဝက်ခြံထဲမှာ အမှုရင်ဆိုင်နေတဲ့ ထရမ့်ကြီးတို့နှစ်ဦး ဆုံတွေ့နေကြပုံကို သရုပ်ဖော်ထားပါတယ်။

ပြောလည်းပြောစရာပါပဲ။ ၁၉၄၂ ခုနှစ်ဖွားဘိုင်ဒင်ကြီးဟာ လက်ရှိမှာ အသက် ၈၂ နှစ်အရွယ်ရှိနေပါပြီ။ နောက်ထပ်သမ္မတတစ်ကြိမ်သာ ထပ်မံအရွေးခံရမယ်ဆိုရင် အသက် ၈၆ နှစ်အရွယ်ရှိလာမှာဖြစ်ပါတယ်။ အမေရိကန်သမိုင်းမှာ အသက်အကြီးဆုံးသမ္မတတွေတောင် အလွန်ဆုံး ၇၇၊ ၇၈ နှစ်အရွယ်ဆိုအနားယူသွားကြပါပြီ။ ဘိုင်ဒင်ကြီးကတော့ လက်ရှိသမ္မတသက်တမ်းမှာတောင် လေယာဉ်လှေကားပေါ်က ခဏခဏချော်ကျ၊ လဲကျ၊ အခမ်းအနားတွေမှာ မိန့်ခွန်းပြောကြားရင်း တွေတွေဝေဝေ၊ ငေးငေးငိုင်ငိုင်ဖြစ်လိုက်၊ ကပေါက်ချိကပေါက်ချာတွေ မှားပြောလိုက်နဲ့ ဖြစ်နေတာတောင် အားမလျှော့သေးပါဘူး။

ကမ္ဘာ့နိုင်ငံရေးမှာလည်း ဆီးနိတ်အမတ်လုပ်ခဲ့စဉ်ကာလကလို ဘော်လကန်ဒေသအရေးမှာ သမ္မတကလင်တန် အရေးယူလာအောင် တိုက်တွန်းခဲ့သလိုမျိုး၊ အမေရိကန်က အီရတ်ကို ဝင်တိုက်ဖို့ သဘောတူထောက်ခံမဲပေးခဲ့သလိုမျိုး လက်ရှိယူကရိန်းအရေးမှာလည်း လက်မနှေးခဲ့ပါဘူး။ တတိယကမ္ဘာစစ်ကြီးများ ဖြစ်လာလေမလားလို့တောင် ကမ္ဘာ့ပြည်သူတွေ ရင်တမမနဲ့ပါ။ ဘိုင်ဒင်ကြီးရဲ့ လက်ရှိအခြေအနေတွေကြောင့် လာမယ့်ရွေးကောက်ပွဲမှာ ဂျိုးဘိုင်ဒင် အနိုင်ရနိုင်ခြေနဲ့ပတ်သက်ပြီး သမ္မတဟောင်း အိုဘားမားနဲ့ လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပလိုစီတို့က သံသယရှိကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ ဘိုင်ဒင်ရဲ့ ၂၀၂၄ မဲဆွယ်စည်းရုံးရေးအနာဂတ်အကြောင်း သီးသန့်ပြောဆိုခဲ့စဉ် နှစ်ဦးစလုံးက ဒေါ်နယ်ထရမ့်ကို ဘိုင်ဒင်ရင်ဆိုင်ဖို့က ပိုမိုခက်ခဲလာမှာကို စိုးရိမ်နေကြပြီး ဘာလုပ်ရမယ်ဆိုတာကို သေချာမသိဘူးလို့ ပြောဆိုခဲ့ကြတယ်လို့ CNN က ဆိုပါတယ်။ မီဒီယာအချို့ကလည်း တက်ကြွသော ထရမ့်နဲ့ အိပ်ငိုက်နေသော ဂျိုးဆိုပြီး ခေါင်းပေးနှိုင်းယှဉ်ဖော်ပြလာကြပါတယ်။

ဆန့်ကျင်ဘက်အနေအထားအရ ထရမ့်ကတော့ တရားစွဲဆိုမှုပေါင်းများစွာ ရင်ဆိုင်နေရတဲ့ကြားက လူထုထောက်ခံမှုတွေ မြင့်တက်လာပါတယ်။ ထရမ့်ကို ထောက်ခံသူအချို့က သူ့ရဲ့သမ္မတသက်တမ်းမှာ ဘာလုပ်နိုင်ခဲ့တယ်ဆိုတာကိုမြင်ပြီး၊ တွေ့ခဲ့ရပြီးဖြစ်တယ်။ ဒါကြောင့် သူ့ကိုပြန်အနိုင်ရစေချင်ကြတယ်။ သမ္မတဘိုင်ဒင်လက်ထက်မှာ သူတို့နိုင်ငံက အကျပ်အတည်းကို ရောက်နေတယ်။ ထရမ့်က စီးပွားရေးကောင်းမွန်အောင် လုပ်ပေးနိုင်မှာဖြစ်တယ်လို့ ဆိုကြပါတယ်။

လူငယ်မဲဆန္ဒရှင်တွေကြားမှာလည်း ထရမ့်ဟာ ရေပန်းစားလာပါတယ်။ အစ္စရေး-ဟားမတ်စ် စစ်ပွဲမှာ သမ္မတဘိုင်ဒင် ကိုင်တွယ်ပုံကို လူငယ်တွေက စိတ်ပျက်နေကြပြီး ထရမ့်ရဲ့ကိုင်တွယ်ပြောဆိုမှုတွေကို အကြိုက်တွေ့လာကြတယ်။ ဒါကြောင့် ထရမ့်ကို ထောက်ခံသူအများစုက တရားစွဲဆိုမှုအပေါ် နှိပ်ကွပ်မှုအဖြစ်ရှုမြင်ပြီး တရားစွဲဆိုထားတဲ့ စွပ်စွဲချက်တွေနဲ့ပတ်သက်ပြီး

စာမျက်နှာ ၁၁ သို့❖

**"မျက်မှောက် အမေရိကန်နိုင်ငံရေးလောကဟာ မသမာမှုတွေ၊ အငြင်းပွားမှုတွေကတစ်ဆင့် တစ်ဖက်နဲ့တစ်ဖက် အာဃာတအမုန်းတရားတွေ၊ နိုင်လိုမင်းထက် အပြုအမူတွေ၊ မင်းမဲ့စရိုက်တွေနဲ့ ပိုလို့ပိုလို့ တင်းမာလာပြီး နိုင်ငံရေးအရလုပ်ကြံမှုတွေသာမက ယခုအသက်သေအောင်အထိ လုပ်ကြံလာမှုတွေက ဒီမိုကရေစီစံနှုန်းတွေ၊ ကျင့်ဝတ်တွေ၊ ယဉ်ကျေးမှုတွေ တစ်နေ့တခြားခေါင်းပါးလျော့ပါးလာခဲ့ပြီလို့ပဲ ဆိုရမှာဖြစ်"**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် ဘုရားဖူးလာသူများဖြင့်စည်ကား

ညောင်ဦး ဇူလိုင် ၂၀

ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဂေါပက တာဝန်ရှိသူများက ပြောကြားသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အခါကြီးရက်ကြီးမဟုတ်သည့်နေ့များတွင်ပင် ဘုရားဖူးများ အမြဲလာရောက်လျက်ရှိသည့်ဒေသဖြစ်ရာ အခါကြီးရက်ကြီးများနှင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများနှင့်သော်လည်းကောင်း လာရောက် ဘုရားဖူးလျက်ရှိကြရာ ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် နံနက် ၄ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ ယနေ့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့ နံနက် ၄ နာရီမှ စတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ကြရန် ရောက်ရှိနေကြကြောင်း ရွှေစည်းခုံဘုရားရုံအဖွဲ့မှူး ဦးသန်းမြင့်ဦးက ပြောသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့် ဘုရား ၁၈ ဆူအား ဝါတွင်းကာလ၌ နံနက် ၅ နာရီမှ ညနေ ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ ဝါဆိုလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ လာရောက်သူများပြားလျက်ရှိရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေ အငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်များကောင်းနေကြကာ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ခရီးသွားဘုရားဖူးဝင်ရောက်မှုများပြားခဲ့ကြောင်း သိရသည်။



ဓမ္မရာဇကဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့တွင် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေးတစ်လျှောက် ဖွင့်လှစ်ထားရှိသည့် အညာရိုးရာ ထန်းတဲများတွင်လည်း ဘုရားဖူးကားများ ပြည့်နေကြောင်း၊ ဘုရားဖူးလာဧည့်သည်များသည် သမိုင်းအထင်ကရဘုရားများသို့သာ သွားရောက်ဖူးမြော်ကြသည် မဟုတ်ကြဘဲ ဘုရားသုံးဆူ၊ လေးမျက်နှာဘုရား၊ သစ္စာဝတီဘုရား၊ ဝတ္တနထောဘုရားစု၊ ဆူးလေကုန်းဘုရား၊ ကျောက်မျက်မှော်ဘုရား၊ အရှေ့ဖက်လိပ်ဘုရား၊ အနောက်ဖက်လိပ်ဘုရား၊ စိမ်းညက်ညီအစ်မဘုရား၊ သိကြားပုန်းဘုရား၊ သကြားဟစ်ဘုရား၊ ခြောက်ဘုရားလှ၊ နန်းဦးဘုရား၊ နတ်လှောင်ကျောင်း၊ ငကွဲနားဒွှေးင်းဘုရား၊ ပုထိုးသားများဘုရား၊ ဥပါဠိသိမ်၊ ရွှေလိပ်တူးဘုရားနှင့် လူသူအရောက်အပေါက်နည်းသည့်ဘုရားများသို့ပြည်တွင်းဧည့်လမ်းညွှန်များ ငှားရမ်းကာသွားရောက်၍ နံရံဆေးရေးပန်းချီလေ့လာခြင်း၊ ရှေးဟောင်းအင်္ဂတေပန်းများလေ့လာခြင်း၊ များပြားလှသည့် ဘုရားများအား ပုံစံမတူတည်ဆောက်ပုံများ လေ့လာကြကြောင်း ပြည်တွင်းဧည့်လမ်းညွှန် ဦးထက်တင်စိုးက ပြောသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် ဘုရားဖူးအများအပြား ဝင်ရောက်ခဲ့ကာ ကျယ်ဝန်းပြီး ဘုရားစေတီ၊ ပုထိုး ပေါများသည့် ပုဂံရှေးဟောင်းနယ်မြေတွင် နေရာတိုင်း ဘုရားဖူးများရှိနေကြောင်း ပြည်တွင်းဧည့်လမ်းညွှန်များထံမှ သိရသည်။ **ဒီပါလင်း**

## ဝါဆိုလပြည့်နေ့တွင် မုဒုံမြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုလုပ်သူများဖြင့် စည်ကား

မုဒုံ ဇူလိုင် ၂၀

ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ဘုရားစေတီ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်သူများ ကုသိုလ်ဒါနပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေသည့် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ ဆိုသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာ၊ သံဃာရတနာ စတင်ပေါ်ပေါက်လာသောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ဖောဟိတ်ကျူပဟူသော စကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားဂုဏ်ဒြပ်ကိုးရပ်နှင့်အညီ ပြည့်စုံသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် မုဒုံမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်၊ အတောင် (၄၀၀)ပြည့်လျောင်းတော်မူဘုရားကြီး၊ ခပ်ရခပ်ယူ ထိုင်တော်မူဘုရားကြီး စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်း၊ ဘုန်းကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို၍ ကုသိုလ်ယူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဝါဆိုလပြည့်နေ့၌ ပဲခူးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

ပဲခူး ဇူလိုင် ၂၀

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့၌ ပဲခူးမြို့ရှိ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများ၊ ဘုန်းကြီးကျောင်းများ၌ ဝါဆိုလပြည့်နေ့အခါသမယ၌ အလှူဒါနပြုသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။



**အထူးစည်ကား**

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့တွင် ဘုရားကျောင်းကန်၊ စေတီပုထိုးများရှိရာ နေရာအသီးသီး၌ ဝါဆိုပန်း ကပ်လှူသူ၊ သီလ ဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အစိုးရရုံးပိတ်ရက် ဖြစ်သောကြောင့် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## ဒေးဒရဲမြို့ရှိ ဆုတောင်းပြည့်စုံကျိုက်ဒေးယျုံစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့တွင် ဘုရားဖူးလာရောက်သူများ၊ အလှူဒါနပြုလုပ်သူမျာဖြင့် စည်ကားလျက်ရှိ

ဒေးဒရဲ ဇူလိုင် ၂၀

ဧရာဝတီ တိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးနှင့် အဘယလာဘမုနိ အောင်တော်မူရုပ်ပွားတော်မြတ်ကြီး၌ ယနေ့ညနေပိုင်းတွင် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့၌ ဘုရားဖူးလာပြည်သူများ၊ ဓမ္မစကြာတရားတော်များ ရွတ်ပွားပူဇော်သူများ၊ အလှူဒါနပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ဒေးဒရဲမြို့နယ်တွင် ဝါဆိုလပြည့် (ဓမ္မစကြာ အခါတော်နေ့)၌ မြတ်စွာဘုရားရှင်နှင့် ရဟန်းသံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရှစ်ပါးသီလခံယူဆောက်တည်ကာ ဝါဆိုလပြည့်နေ့မှ ဝါတွင်းကာလပတ်လုံး ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဥပုသ်သီလဆောက်တည်ခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အေဇာလင်း**

❖ စာမျက်နှာ ၁၀ မှ

သူ့အတွက် တိုက်ပွဲဝင်လိုကြတယ်လို့ ဆိုကြတယ်။

ဒီအတောအတွင်းမှာပဲ သမ္မတလောင်း ဒေါ်နယ်ထရမ့်ဟာ ဇူလိုင်လ ၁၃ ရက်နေ့က ပင်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့မှာ မဲဆွယ်စည်းရုံးရေးမိန့်ခွန်းပြောကြားနေစဉ် သေနတ်နဲ့ပစ်ခံရလို့ ညာဘက်နားရွက်အပေါ်ဘက် ပေါက်ထွက်ဒဏ်ရာရရှိခဲ့ပါတယ်။ မဲဆွယ်စည်းရုံးပွဲကို ရောက်နေတဲ့သူတစ်ဦးလည်း သေဆုံးပြီး နောက်ထပ်နှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိသွားပါတယ်။ FBI ရဲ့အပြောအရ ထရမ့်ကို သေနတ်နဲ့ ပစ်ခတ်လုပ်ကြံတဲ့သူဟာ အသက် ၂၀ အရွယ်ရှိ ပင်ဆယ်ဗေးနီးယားသား သောမတ်စ် မက်သရူးကွတ်ခ်ဆိုသူ ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့ကိုလည်း လုံခြုံရေးအဖွဲ့က အသေပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ပစ်ခတ်မှုဖြစ်ရပ်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးပမ်းကြံစည်မှုအဖြစ် မှတ်ယူစုံစမ်းနေပြီလို့ FBI က ပြောပါတယ်။

သမ္မတဂျိုးဘိုင်ဒင်ကတော့ **"ယခုဖြစ်ရပ်ကို အားလုံးက ရှုတ်ချရမယ်၊ ယခုလို အကြမ်းဖက်မှုမျိုးကို အမေရိကန်ပြည်ထောင်စုက လက်မခံကြောင်း၊ အမေရိကန်မှာ ဒီလိုအကြမ်းဖက်မှုအတွက် လုံးဝနေရာမရှိစေရ၊ ရှုတ်ချကြောင်း"** ထုတ်ပြန်ခဲ့သလို ကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်တွေကလည်း ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။ FBI ကလည်း ဒါဟာ အမေရိကန်နိုင်ငံရေးသမိုင်းမှာ ဆယ်စုနှစ်ပေါင်းများစွာအတွင်းဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအကြမ်းဖက်လုပ်ရပ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒီဖြစ်ရပ်ကြောင့် သမ္မတဟောင်းထရမ့်ကို ထောက်ခံသူပိုများလာပြီး ထောက်ခံသူအချို့ကလည်း အမေရိကန်နိုင်ငံဒေသအချို့ရဲ့ လမ်းတွေပေါ်မှာ စီတန်းလှည့်လည်ပြီး ထောက်ခံဆန္ဒဖော်ထုတ်မှုတွေပြုလုပ်လာကြပါတယ်။ ရှေ့ဘာတွေ ဆက်ဖြစ်လာဦးမလဲ။ သေချာတာတစ်ခုကတော့ မျက်မှောက်အမေရိကန်နိုင်ငံရေးလောကဟာ မသမာမှုတွေ၊ အငြင်းပွားမှုတွေကတစ်ဆင့် တစ်ဖက်နဲ့တစ်ဖက် အာဃာတအမုန်းတရားတွေ၊ နိုင်လိုမင်းထက် အပြုအမူတွေ၊ မင်းမဲ့စရိုက်တွေနဲ့ ပိုလို့ပိုလို့ တင်းမာလာပြီး နိုင်ငံရေးအရ လုပ်ကြံမှုတွေသာမက ယခုအသက်သေအောင်အထိ လုပ်ကြံလာမှုတွေက ဒီမိုကရေစီ စံနှုန်းတွေ၊ ကျင့်ဝတ်တွေ၊ ယဉ်ကျေးမှုတွေ တစ်နေ့တခြား ခေါင်းပါးလျော့ပါးလာခဲ့ပြီလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။ ။

# ပွင့်ဖြူမြို့နယ်ရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးသို့ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



ပွင့်ဖြူ ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးသို့ ဇူလိုင် ၂၀ ရက် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း အဆိုပါစန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ဂေါပကအဖွဲ့ထံမှသိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရဟန္တာငါးရာဖြင့် ခုနစ်ရက်တိုင်တိုင် သီတင်းသုံးနေထိုင်ခဲ့သည့် စေတီတော်မြတ်ကြီးဖြစ်၍ ယခုလို နေ့ထူးနေ့မြတ်ရက်များနှင့် ပွင့်လင်းရာသီချိန်များတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များက စိတ်ဝင်တစားလာရောက်ဖူးမြော်ကြသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီးတွင် ဓမ္မစကြာအခါတော်နေ့အခမ်းအနား ကျင်းပ

မြိတ် ဇူလိုင် ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် စေတီတော်ဗုဒ္ဓသာသနာ့ဗိမာန်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ ဗုဒ္ဓပဏာမဖြင့် ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာဘသ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် စေတီတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည ကန်သာကျောင်းဆရာတော်ထံမှ ဓမ္မစကြာအခါတော်နေ့ ဒေသနာတော်များကို ဧည့်ပရိသတ်အပေါင်းတို့က နာယူခဲ့ကြပြီး ဓမ္မစကြာဝတ်အသင်းအဖွဲ့များက ဓမ္မစကြာအခါတော်နေ့ ရှစ်လုံးဘွဲ့ကဗျာကို စုပေါင်းရွတ်ဆို ပူဇော်ခဲ့ကြသည်။ ဆက်လက်၍ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ကန်သာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားများနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဓမ္မစကြာဝတ်အသင်းအဖွဲ့များက ဓမ္မစကြာရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သာသနာ့အဓိဋ္ဌာန်သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# စစ်ကိုင်းမြို့နယ်၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)၌ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

စစ်ကိုင်း ဇူလိုင် ၂၀

စစ်ကိုင်းမြို့နယ် အတွင်းရှိ တန်ခိုးကြီးဘုရားများ ဖြစ်သည့် ရတနာလာဘမုနိ ဆုတောင်းပြည့်မြွေဘုရားနှင့် ပေါ်တော်မူမြတ်စွာဘုရားတို့တွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) နံနက်ပိုင်းက ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။



ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် အများပြည်သူများ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ရပ်နီးရပ်ဝေးမှ ဘုရားဖူး ပြည်သူများသည် စစ်ကိုင်းမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရတနာလာဘမုနိ ဆုတောင်းပြည့် မြွေဘုရား၊ ပေါ်တော်မူမြတ်စွာဘုရား၊ အဓိဋ္ဌာန်အောင် ကံကြီးမ မြတ်စွာဘုရားများတွင် မိမိတို့၏မိသားစု စီးပွားရေး၊ လူမှုရေး၊ ပညာရေးများကို အဓိဋ္ဌာန်ပြု၍ ဆုတောင်းခြင်းများ၊ အဓိဋ္ဌာန်အောင်၍ အောင်ကန်တော့ပွဲ လာရောက်ကန်တော့သူများ၊ ဘုရားဖူးပြည်သူများအား စတုဒိသာ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ရပ်ကွက်/ ကျေးရွာများအတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီး ကျောင်းများ၊ ရပ်ကွက်အလိုက် ဓမ္မာရုံများတွင်လည်း စတုဒိသာဧည့်ခံကျွေးမွေး၍ ကုသိုလ်ယူသူများနှင့် သက်ကြီးဘိုး/ဘွားမိဘများ၊ ဒေသခံပြည်သူများသည် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)၌ ဘုရား၊ ကျောင်းကန်သို့ သွားရောက်၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားထိုင်ခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ကမ္မဋ္ဌာန်းတရားစီးဖြန်းခြင်းများအား စိတ်အေးချမ်း သာယာစွာကောင်းမှုကုသိုလ်ပွားများခြင်းဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဝါဆိုလပြည့် (ဓမ္မာစကြာအခါတော်နေ့) ကောင်းမှုကုသိုလ်ပြုလုပ်ကြသူများဖြင့် စည်ကားများပြား

ကန့်ဘလူ ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဝါဆိုလပြည့် (ဓမ္မာစကြာအခါတော်နေ့)၌ မြို့ပေါ်ရှိ ဘုရားကျောင်းကန်များတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနပြုလုပ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝါဆိုလပြည့် (ဓမ္မာစကြာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် ဘုရားစေတီ၊ ကျောင်းကန်တို့တွင် ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်း စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။ ထို့ပြင် ကျောင်းတိုက်များ၌ ဥပုသ်သီလဆောက်တည်ကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ ရှစ်ပါးသီလခံယူဆောက်တည်၍ အလှူဒါနပြုလုပ်ခြင်း၊ တရားဘာဝနာ အားထုတ်ခြင်းများဖြင့် ပြုလုပ်ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျိုက်လတ်မြို့နယ် တိလောကမာရဇိန်မြတ်စွာဘုရားကြီး၌ ဝါဆိုလပြည့်(ဓမ္မစကြာနေ့)၌ ဘုရားဖူးလာရောက်သူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

ကျိုက်လတ် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ် (၃) ရပ်ကွက် (၇)ဖြတ်လမ်းရှိ တိလောကမာရဇိန်မြတ်စွာဘုရားကြီးတွင် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာနေ့)၌ ဘုရားဖူးလာရောက်သူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများတွင် ဝါဆိုလပြည့်(ဓမ္မစကြာနေ့)၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး၊ ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ဘုရားပန်း၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။ ထို့နောက် စေတနာရှင်များစုပေါင်း၍ စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ရာ မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများက ဝင်ရောက်စားသုံး၍ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



# ဘိုကလေးမြို့နယ် ရန်ပြေမာန်ပြေအောင်စကြာ စေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



ဘိုကလေး ဇူလိုင် ၂၀

ဝါဆိုလပြည့် ဓမ္မစကြာနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ကျက်သရေဆောင် ရန်ပြေမာန်ပြေ အောင်စကြာ သမိုင်းဝင်စေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်ခဲ့သည်။

စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများသည် ဝါဆိုပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဝတ္ထုအစုစုအား လှူဒါန်းပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ လိပ်စာ၊ ငါးစာကျွေး၍ ဒါနပြုခြင်းများဖြင့် ကုသိုလ်ယူဘာဝနာပွားများကြပြီး ဓမ္မစကြာရွတ်ဖတ်ပူဇော်သူများ၊ ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသူများဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်းနှင့် ဘုရားဖူးပြည်သူများအနေဖြင့် ရန်ပြေမာန်ပြေအောင်စကြာစေတီတော်မြတ်ကြီးဝင်းအတွင်း၌ ပြိုကျပျက်စီးခဲ့သည့် တာဝတိံသာစေတီတော်မြတ်ကြီး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အလှူတော်ငွေများလည်း ထည့်ဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# သမ္မတဂျိုးဘိုင်ဒင် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်မည်မဟုတ်ဟု ဒီမိုကရက်တစ်လွှတ်တော်အမတ်များ ယုံကြည်

**ဝါရှင်တန် ဇူလိုင် ၂၀**

နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတဂျိုးဘိုင်ဒင် အနိုင်ရရှိနိုင်မည်မဟုတ်ဟု အမေရိကန်ရှိ ဒီမိုကရက်တစ် လွှတ်တော်အမတ်များက ယုံကြည်ထားကြောင်း သိရသည်။

ဘိုင်ဒင်သည် လာမယ့်ရက်အနည်းငယ်အတွင်းတွင် မီဒီယာများ၏ ဝေဖန်ရေးသားမှုကို ခံရနိုင်ဖွယ်ရှိကြောင်းလည်း မီဒီယာများက ဆိုသည်။

သမ္မတဟောင်းထရမ့်နှင့် ရုပ်မြင်သံကြား စကားစစ်ထိုးပွဲအပြီးတွင် ဘိုင်ဒင်၏ မဲဆွယ်စည်းရုံးရေး မပြေလည်မှုများသည် ပြီးခဲ့သည့်လတွင် စတင်ခဲ့ကြောင်း သိရသည်။ ဒီမိုကရက်တစ်ပါတီ ထောက်ခံသူ သုံးပုံနှစ်ပုံသည် မကြာသေးမီက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ရပ်အပေါ် အခြေခံပြီး ဘိုင်ဒင်အနေဖြင့် သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ နုတ်ထွက်သင့်သည်ဟု ပြောကြားသည်။ ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ် ၃၀ ထက်မနည်းသည် ဘိုင်ဒင်အား နုတ်ထွက်ပေးရန် လူသိရှင်ကြား တောင်းဆိုလျက်ရှိသည်။

အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌဟောင်း နန်စီပလိုစီနှင့် သမ္မတဟောင်း ဘာရက်အိုဘားမားတို့ အပါအဝင် ဒီမိုကရက်တစ် အများအပြားက ဘိုင်ဒင်သည် သမ္မတဟောင်းထရမ့်ကို ရွေးကောက်ပွဲတွင် အနိုင်ရနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။

သို့သော် ဘိုင်ဒင်သည် လာမည့် သီတင်းပတ်တွင် မဲဆွယ်စည်းရုံးရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ထရမ့်ကို ရွေးကောက်ပွဲတွင် အနိုင်ယူမည်ဟု ဇူလိုင် ၁၉ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘိုင်ဒင်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ဇူလိုင် ၁၇ ရက်တွင် စစ်ဆေးတွေ့ရှိပြီးနောက် ဒီလာဝဲရီးမြို့ရှိ ၎င်း၏နေအိမ်တွင် သီးသန့်ခွဲ နေထိုင်လျက်ရှိကြောင်း သိရသည်။

ဘိုင်ဒင်၏ ကျန်းမာရေးအခြေအနေ သိသိသာသာ တိုးတက်ကောင်းမွန်လာကြောင်း ၎င်း၏ဆရာဝန်က အစီရင်ခံစာတစ်စောင်တွင် ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုး ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်

**ဖနောင်ပင် ဇူလိုင် ၂၀**

ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ်ပထမနှစ်ဝက်တွင် ကန်ဒေါ်လာ ၇ ဒသမ ၉၆ ဘီလီယံရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ် အလားတူကာလကထက် ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယနေ့မှတ်တမ်းအရ သိရသည်။

ယင်းကာလအတွင်း အာဆီယံနိုင်ငံများသို့ ပြည်ပပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများကို တင်ပို့ခဲ့ပြီး အပြန်အလှန်အားဖြင့် အာဆီယံနိုင်ငံများမှ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၂၈ ဘီလီယံရှိ ကုန်ပစ္စည်းများကို ကမ္ဘောဒီးယားနိုင်ငံသို့ တင်သွင်းခဲ့ကြောင်း ယင်းဝန်ကြီးဌာန၏ မှတ်တမ်းတွင် မှတ်ချက်ပြုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေကြောင်း ဝန်ကြီးချုပ်ဟွန်မာနက်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့အဆင့် ကုန်သွယ်ရေးသဘောတူညီချက်များတွင် မဟာဗျူဟာကျသည့် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ကာ ကမ္ဘာ့ဈေးကွက်အတွင်း အောင်မြင်စွာ ရပ်တည်နေကြောင်း ဝန်ကြီးချုပ်ဟွန်မာနက်က ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ထုတ်လုပ်သည့် စက်ဘီးနှင့် အဝတ်အထည်များသည် အာဆီယံနှင့် ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေး ပြည့်မီမှုနှင့် သင့်တင့်သည့် ဈေးနှုန်းကြောင့် အသိအမှတ်ပြုခံနေရကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ယခုနှစ်ပထမနှစ်ဝက်အတွင်း အာဆီယံနိုင်ငံများသို့ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်တင်ပို့ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ဂါဇာကမ်းမြောင်အလယ်ပိုင်း နူဆီရတ်ဒုက္ခသည်စခန်းအား အစ္စရေးတပ်ဖွဲ့ဝင်များက ဗုံးခွဲတိုက်ခိုက်

**ဂျေရုဆလင် ဇူလိုင် ၂၀**

ဂါဇာကမ်းမြောင်အလယ်ပိုင်း နူဆီရတ်ဒုက္ခသည်စခန်းအား အစ္စရေးတပ်ဖွဲ့ဝင်များက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၁၃ ဦးထက်မနည်း သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ်များက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

အစ္စရေး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် နေအိမ်များစွာ ပျက်စီးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ၁၃ ဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့က လက်ရှိအချိန်အထိ မှတ်ချက်ပေးခြင်းမရှိသေးပေ။

အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လျက်ရှိရာ လက်ရှိအချိန်အထိ ပါလက်စတိုင်း သေဆုံးသူ ၃၈၈၀၀ ကျော်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၈၉၄၀၀ ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် -အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ ဘုရင်သစ် ကျမ်းသစ္စာကျိန်ဆို

**ကွာလာလာမ်ပူ ဇူလိုင် ၂၀**

မလေးရှားနိုင်ငံ၏ ဘုရင်အဖြစ် ဆူလ်တန် အီဘရာဟင် ဆူလ်တန် အစ်ကန်ဒါ၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ယနေ့တွင် မြို့တော်ကွာလာလာမ်ပူရှိ ဘုရင့်နန်းတော်၌ ကျင်းပခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ဘုရင်သစ် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အပါအဝင် ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဆင်နယ် ဘိုလ်ကီးယားနှင့် ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရိုးသားမှုနှင့် တရားမျှတမှုများကို အခြေခံကာ အုပ်ချုပ်မည်ဟု ဘုရင် ဆူလ်တန် အီဘရာဟင် ဆူလ်တန် အစ်ကန်ဒါက ပြောကြားခဲ့သည်။ နိုင်ငံ၏ တာဝန်များကို ရိုးသားစွာနှင့် သစ္စာရှိစွာ ထမ်းဆောင်မည်ဖြစ်ပြီး နိုင်ငံသားများ၏ သာယာဝပြောရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဘုရင်သည် နိုင်ငံစည်းလုံးညီညွတ်မှုနှင့် သာယာဝပြောမှုဆိုင်ရာ ပြယုဂ်ဖြစ်ပြီး ဘုရင့်အပေါ် သစ္စာရှိစွာဖြင့် အမှုထမ်းဆောင်မည်ဟု ဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ်၌ တံတားပြိုကျမှုဖြစ်ပွား၊ ၁၂ ဦးသေဆုံး

**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုမှတစ်ဆင့် အဝေးပြေးလမ်းမပေါ်ရှိ တံတားတစ်စင်း ပြိုကျသွားသည့်အတွက်ကြောင့် ၁၂ ဦးသေဆုံးပြီး ၃၁ ဦး ပျောက်ဆုံးနေကြောင်း ဒေသန္တရတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ရှန်ဇီပြည်နယ် ဇော်ရှုအီခရိုင် ရှန်လူအိုမြို့တွင် တည်ရှိသည့် ယင်းတံတားသည် ယမန်နေ့ ည ၈ နာရီ မိနစ် ၄၀ တွင် ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းခြင်းမှတစ်ဆင့် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုကြောင့် တံတားပေါ်ဖြတ်သန်းသွားလာသည့် ကား ၁၇ စီးနှင့် ထရပ်ကား ရှစ်စီးသည် တံတားအောက်ရှိ Jinqian မြစ်အတွင်းသို့ နစ်မြုပ်သွားခဲ့ကြောင်း ပဏာမ စုံစမ်းစစ်ဆေးမှုများအရ သိရသည်။ ယင်းမတော်တဆမှုတွင် လက်ရှိအချိန်အထိ ၁၂ ဦး သေဆုံးပြီး ၃၁ ဦး ပျောက်ဆုံးနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



○ ကျောဖုံးမှ

PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် စဥ့်ကူးမြို့မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရပြီး ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို လက်မခံနိုင်သော စဥ့်ကူးမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ၎င်းတို့၏ ရပ်ရွာလုံခြုံရေးအတွက် မြို့၊ ရွာ ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး တပ်မတော်အနေဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် လိုအပ်သည့် မြို့၊ ရွာကာကွယ်ရေးအဖွဲ့များ အပါအဝင် ပြင်ဆင်လေ့ကျင့်ခြင်းနှင့် လိုအပ်သည့် စုဖွဲ့မှုများကို ဆောင်ရွက်ခဲ့သည်။

**ဆုတ်ခွာထွက်ပြေး**

ထိုကဲ့သို့ စုဖွဲ့ပြင်ဆင်ပြီးနောက် တပ်မတော်စစ်ကြောင်းများသည် စဥ့်ကူးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ PDF အမည်ခံ အကြမ်းဖက် သမားများအား အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် ဇူလိုင် ၁၉ ရက်တွင် စဥ့်ကူးနယ်မြေအတွင်းသို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ စနစ်တကျ အဆင့်ဆင့်ခြေကုပ်ယူ၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူချီတက်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး စဥ့်ကူးမြို့အား ယနေ့တွင် တပ်မတော် စစ်ကြောင်းများက ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

**လုပ်ဆောင်ခဲ့**

PDF အမည်ခံ အကြမ်းဖက်သမားများသည် စဥ့်ကူးမြို့အတွင်းသို့ရောက်ရှိနေစဉ် အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များအား အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာ အသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူချီတက် တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စဥ့်ကူးမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် စဥ့်ကူးမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ။









PDF အမည်ခံ အကြမ်းဖက်သမားများက စဥ့်ကူးမြို့အတွင်းရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ အတွင်း မီးရှို့ဖျက်ဆီးထားမှုကို တွေ့မြင်ရစဉ်။





စဥ့်ကူးမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်ထားနိုင်မှုကို တွေ့မြင်ရစဉ်။

# တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပိတုန်းပိတ်ပန်းတာ ကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု



ရန်ကုန်  ဇူလိုင်  ၂၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းက တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပိတုန်းပိတ်ပန်းတာ ကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပိတုန်းပိတ်ပန်းတာ ကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွဲ့များအား ထောက်ပံ့ငွေများနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် တာကြံ့ခိုင်မှုအခြေအနေများ၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် ရေကင်းစခန်းများ ဖွင့်လှစ်ထားရှိမှု၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အနိမ့်ပိုင်းဒေသတွင် နေထိုင်ကြသည့် သက်ကြီးရွယ်အိုများ၊ ကလေးများ၊ မွေးမြူထားရှိသောတိရစ္ဆာန်များအား ရုတ်တရက် ရေဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေလွတ်ရာနေရာများသို့ အချိန်မီပြောင်းရွှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် ခရိုင် / မြို့နယ် / ရပ်ကွက် / ကျေးရွာအဖွဲ့များက အမြဲမပြတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ပညာပေးလုပ်ငန်းများနှင့် အကူအညီများကို အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်း၍ ဆောင်ရွက်ပေးနိုင်ရေးနှင့် တာတမံနိမ့်ကျမှုကြောင့် ရေကျော်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်း၊ ရေပေါက် (ထူးပေါက်) ပေါက်ခြင်း စသည့် တာတမံထိခိုက်စေနိုင်သည့် အချက်များတွေ့ရှိပါက ချက်ချင်းသိ၊ ချက်ချင်းအမြန် ဆောင်ရွက်ရန်၊ ကာကွယ်ရေးလုပ်ငန်းစဉ်များကို သတိ၊ ဝီရိယထား၍ စောင့်ကြပ်ကြည့်ရှုရန်၊ ဖွဲ့စည်းထားရှိသည့်အဖွဲ့များက ရေကင်း၊ လှည့်ကင်းများကို အမြဲမပြတ် လှည့်လည်ကြည့်ရှုစစ်ဆေးနေကြရန်နှင့် အဖွဲ့များအချင်းချင်း ဆက်သွယ်ရေးစနစ်များ မပြတ်ရရှိနေရန်လိုအပ်ကြောင်းနှင့် လုပ်ငန်းစဉ်များအားလုံးကို ဌာနဆိုင်ရာတာဝန်ရှိသူများက အထူးအလေးအနက်ထား လိုက်နာဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မုဒုံမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ



မုဒုံ  ဇူလိုင်  ၂၀

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း(မုဒုံမြို့)၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယမန်နေ့ က သင်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက သင်တန်းသားများအနေဖြင့် သင်ကြားခဲ့သည့် နည်းစနစ်များကို ပြည်တွင်းဖြစ် စံချိန်မီ အရည်အသွေးကောင်းမွန်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီး တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းသစ်များ ထူထောင်လာနိုင်၍ မိသားစုဝင်ငွေ တိုးပွားလာအောင် ဆောင်ရွက်သွားကြရန် သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သင်တန်းဆင်းလက်မှတ်များနှင့် ကုန်ချောပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများက လက်ခံရယူခဲ့သည်။

သင်တန်းတွင် နည်းပြဆရာမများက ဘက်စုံသုံးဆပ်ပြာရည် အမျိုးမျိုး၊ အခြေခံခေါင်းလျှော်ရည်၊ အမွှေးရည် စသည့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာအား စာတွေ့လက်တွေ့ဖြင့် သင်တန်းသူ ၂၀ ကို ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး အသိပညာပေး

ပေါင်  ဇူလိုင်  ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှတောအုပ်ကြီး ဦးစိုးဝင်းက သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ မြန်မာနိုင်ငံ၏သစ် တောဖုံးလွှမ်းမှု အခြေအနေများကိုလည်းကောင်း၊ သစ်တောများ ပျက်စီးပြုန်းတီးစေသည့် အကြောင်းအရင်းများကို လည်းကောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသည့် ပျိုးပင်များ၏ အရေအတွက်ကို လည်းကောင်း၊ သစ်တောဦးစီးဌာနနှင့် ပြည်သူများပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန် ၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇူလိုင် ၂၀

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကျေးလက်စီးပွားမြင့်မားရေး ကုန်ထုတ်လမ်းများဖောက်လုပ်ပေး

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့်ပင် အသက်မွေးဝမ်းကျောင်းပြုကြသည်။**

အထွေး



ရေစကြိုမြို့နယ် ဗြိဘ(အနောက်)ကျေးရွာ ကုန်ထုတ်လမ်းပြီးစီးမှုကိုတွေ့ရစဉ်။

> **ကုန်ထုတ်လမ်း၊ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျေးလက်နေတောင်သူများ၏ ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီးလှပါသည်။ မူလလမ်းအူကြောင်းရှိပြီးသော နေရာများတွင် ကုန်ထုတ်လမ်းတံတား ဆောင်ရွက်ရာ၌ အခက်အခဲမရှိသော်လည်း လမ်းအူကြောင်းမရှိ၊ လှည်းလမ်းပင်မရှိသောနေရာမျိုးတွင် ကုန်ထုတ်လမ်းတံတား ဆောင်ရွက်မည်ဆိုပါက သတ်မှတ်လမ်းအကျယ်ရရှိရေးအတွက် ဘေးဝဲ / ယာ တစ်လျှောက်ရှိ လယ်ယာမြေပိုင်ရှင်များ၏ လမ်းနယ်မလွတ်သော မိမိတို့လယ်ယာမြေအား မိမိတို့သဘောဆန္ဒဖြင့် လှူဒါန်းပါကြောင်းအထောက်အထားသည် များစွာအရေးပါလှ**

အဆိုပါ ကျေးလက်ဒေသများတွင် စိုက်ပျိုးမွေးမြူထားသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လွန်စွာအရေးကြီးလှပါသည်။ ကျေးလက်ဒေသများရှိ လယ်ယာစိုက်ခင်းများသို့ ဆက်သွယ်ထားသောလမ်းများမှာ ဒေသအလိုက်ကြုံသလိုဖြစ်သလိုသာ သွားလာအသုံးပြုနေကြသည့်အတွက် သွားလာရအဆင်ပြေချောမွေ့မှုမရှိပါ။ အချို့လယ်ယာစိုက်ခင်းများသို့ ဆက်သွယ်ထားသောလမ်းများမှာလယ်ကန်သင်းရိုးအတိုင်းသွားလာရပြီး ဆိုင်ကယ်တစ်စီးမောင်းရရုံသာရှိ၍ ရာသီမရွေးအသုံးမပြုနိုင်ဘဲ ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပါသည်။

**သီးနှံများလေလွင့်ပျက်စီး**

ဒေသထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရာ၌လည်း ဆိုင်ကယ်ဖြင့် အခေါက်ခေါက်အခါခါ သယ်ယူပို့ဆောင်ရသည့်အတွက် သယ်ယူစရိတ်များပြားသည့်အပြင် သယ်ယူနိုင်မှုပမာဏနည်းပါးပြီး မိုးရာသီတွင် သီးနှံများသယ်ယူရန် အဆင်မပြေသည့်အတွက် သီးနှံများလေလွင့်ပျက်စီးဆုံးရှုံးမှုများဖြစ်ရသည်။ အချို့လမ်းများမှာ လှည်းတစ်စီးသွားရုံမျှသာရှိပြီး လယ်ယာစိုက်ခင်းများသို့ အသွားလှည်းနှင့် အပြန်လှည်းဆုံကြသည့်အခါ ရှောင်တိမ်းရန် ခက်ခဲပြီး လယ်ယာစိုက်ခင်းထဲသို့ လှည်းချ၍ ရှောင်တိမ်းရသည့်အခါ သီးနှံအချို့ အပျက်အစီး အလေအလွင့်ဖြစ်ရသည်။

ကျေးလက်ဒေသများရှိ လယ်ယာစိုက်ခင်းအများစုမှာ သွားစရာလမ်းပင်မရှိဘဲ တစ်ဦးလယ်ထဲမှတစ်ဦး နားလည်မှုဖြင့် သွားလာအသုံးပြုနေကြပြီး ဒေသထွက်ကုန်သီးနှံများ သယ်ယူရာ၌လည်း လူသွားလမ်းသာရှိ၍ ခေါင်းရွက်သယ်ယူပို့ဆောင်ရသည့်အတွက် အချိန်ပိုကုန်သလို လူလည်းပင်ပန်းလှပါသည်။ ထို့ပြင် တစ်ဦးလယ်ယာထဲမှတစ်ဦး နားလည်မှုဖြင့် သွားလာအသုံးပြုရသည်မှာ လူမှုရေးအရ အဆင်ပြေနေချိန်တွင် အခက်အခဲမရှိသော်လည်း လူမှုရေးပြဿနာများဖြစ်လာပါက လမ်းပိတ်လိုက်သည့်အခါ လယ်ယာစိုက်ခင်းထဲသို့ သွားစရာလမ်းမရှိတော့ဘဲ ထွက်ကုန်သီးနှံများ သယ်ယူရာ၌ အခက်အခဲများစွာကြုံတွေ့ကြရပါသည်။ ထိုကဲ့သို့သော ပြဿနာများဖြစ်ပေါ်နေရသည့် အဓိကအကြောင်းရင်းမှာ လယ်ယာထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရန် လမ်းမရှိ/ လမ်းမကောင်းခြင်းကြောင့်ဖြစ်သည်။

**တောင်သူများ၏အဓိကလိုအပ်ချက်ဖြစ်သော ကုန်ထုတ်လမ်း၊ တံတားများ ဆောင်ရွက်**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသများရှိ တောင်သူလယ်သမားများ၏ လယ်ယာစိုက်ခင်းများမှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေးဈေးကွက်သို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်ရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သူများနှင့် ဈေးကွက်သို့ချိတ်ဆက်ပေးရာတွင် ပထမခြေလှမ်းဖြစ်သော ကျေးရွာမှ လယ်ယာစိုက်ခင်းများသို့ ဆက်သွယ်ပေးသော ကုန်ထုတ်လမ်းတံတားများကို ၂၀၁၈-၂၀၁၉ ခုနှစ် ခြောက်လဘတ်ဂျက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကုန်ထုတ်လမ်းဆိုသည်မှာ**

ကုန်ထုတ်လမ်း ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်သည့်(က၊ခ)အဆင့်ဝင် လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့ လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်သည့် ဆိပ်ခံသွားလမ်း အပါအဝင် အထောက်အကူပြုလမ်းများ၊ ခေတ်မီစက်မှုလယ်ယာအတွင်းလမ်းများ၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားငယ်များကို ခေါ်ဆိုပါသည်။ ထိုကဲ့သို့ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ဆောင်ရွက်ရာ၌ မြေပြင်တွင် အမှန်တကယ် လိုအပ်မှု ရှိ/မရှိ၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ၊ ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်ဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိ/မရှိ အကျိုးပြုလယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကေအနည်းအများအပေါ် မူတည်ပြီး စနစ်တကျစိစစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကျေးလက်နေပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီး**

ကုန်ထုတ်လမ်း၊ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျေးလက်နေတောင်သူများ၏ ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီးလှပါသည်။ မူလလမ်းအူကြောင်း ရှိပြီးသောနေရာများတွင် ကုန်ထုတ်လမ်းတံတား ဆောင်ရွက်ရာ၌ အခက်အခဲမရှိသော်လည်း လမ်းအူကြောင်းမရှိ၊ လှည်းလမ်းပင်မရှိသောနေရာမျိုးတွင် ကုန်ထုတ်လမ်းတံတား ဆောင်ရွက်မည်ဆိုပါက သတ်မှတ်လမ်းအကျယ်ရရှိရေးအတွက် ဘေးဝဲ/ယာ တစ်လျှောက်ရှိ လယ်ယာမြေပိုင်ရှင်များ၏ လမ်းနယ်မလွတ်သော မိမိတို့လယ်ယာမြေအား မိမိတို့သဘောဆန္ဒဖြင့် လှူဒါန်းပါကြောင်းအထောက်အထားသည် များစွာအရေးပါလှသည်။

ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)မှဝန်ထမ်းများသည် ကျေးလက်နေတောင်သူများအား ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်ပြီးပါက ရရှိလာမည့်အကျိုးကျေးဇူးများကို ထင်သာမြင်သာရှိအောင် ထဲထဲဝင်ဝင်ချပြ ဆွေးနွေးတွေ့ဆုံညှိနှိုင်းပြီး ကုန်ထုတ်လမ်း၊ တံတားများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကုန်ထုတ်လမ်း Pilot Project စတင်ဆောင်ရွက်**

၂၀၁၈-၂၀၁၉ ခုနှစ် ခြောက်လဘတ်ဂျက်တွင် ရေစကြိုမြို့နယ်အတွင်းရှိ ဗြိဘ(အနောက်) ကျေးရွာကုန်ထုတ်လမ်းကို Pilot Project အနေဖြင့် ဖောက်လုပ်ခဲ့ပါသည်။ အဆိုပါကျေးရွာမှာ ရေစကြိုမြို့၏အနောက်မြောက်ဘက် ၂၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ထိစပ်လျက်ရှိပါသည်။ ကုန်ထုတ်လမ်းကို Pilot Project အနေဖြင့် ဆောင်ရွက်ရမည်ဆိုသည့်အခါ မြေပြင်တွင် မည်ကဲ့သို့သော အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ကို ကြိုတင်မှန်းဆနိုင်ခြင်း မရှိသော်လည်း အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်နေပြည်သူများက တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်မှသာ ရာနှုန်းပြည့်အဆင်ပြေနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခု မဆောင်ရွက်မီ ကျေးရွာမှပူးပေါင်းပါဝင်မှုအားကောင်းနေလျှင် လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းခန့်မှာ အောင်မြင်ပြီးစီးနေသလိုပင်ဖြစ်သည်။

**ကျေးရွာမှ လိုလားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်**

အဆိုပါ ဗြိဘ(အနောက်)ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ၏ လိုလားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် အကြိုကွင်းဆင်းတိုင်းတာခြင်း၊ မြေယာလှူဒါန်းမှုရရှိရေး လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ လယ်ယာမြေပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပါကရရှိလာမည့်အကျိုးကျေးဇူးများအား ထဲထဲဝင်ဝင် ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ရာ လယ်ယာမြေပိုင်ရှင်များ၏ မြေယာလှူဒါန်းမှုရရှိခဲ့သည့်အတွက် ဗြိဘ(အနောက်) ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ရန် အထက်ဌာနအဆင့်ဆင့်သို့တင်ပြ၍ အတည်ပြုချက်ရယူခဲ့ပါသည်။

အဆိုပါ ကုန်ထုတ်လမ်းသည် မြေပြင်တွင် အမှန်တကယ်လိုအပ်မှုရှိနေသည်မှာ လက်တွေ့ပင်ဖြစ်သည်။ လက်ရှိလမ်းမှာ လမ်းဘေးဝဲ/ယာရှိ လယ်ယာများထက် နိမ့်ကျနေခြင်း၊ လမ်း၏ အောက်ခံမြေမှာ ရွှံ့စေးများဖြစ်နေပြီး မိုးရာသီတွင်သွားလာရခက်ခဲခြင်း၊ ဒေသခံတောင်သူများ ကုန်စည်သယ်ယူပို့ဆောင်ရာ၌ အဓိကအားထား အသုံးပြုလျက်ရှိသောလမ်းဖြစ်ခြင်း၊ မိုးရာသီတွင် ကုန်စည်များ သယ်ယူပို့ဆောင်ရန် အခက်အခဲ ဖြစ်နေခြင်းများကြောင့် အဆိုပါကုန်ထုတ်လမ်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် Pilot Project အဖြစ် ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများမှာ များစွာဝမ်းမြောက်ဂုဏ်ယူခဲ့ကြပါသည်။

**ကုန်ထုတ်လမ်း Pilot Project ဆောင်ရွက်သည့် မြေပြင်အတွေ့အကြုံများ**

ကုန်ထုတ်လမ်းလုပ်ငန်း မဆောင်ရွက်မီ လုပ်ငန်းအရည်အသွေးပြည့်မီပြီး ရေရှည်အသုံးပြုနိုင်သည့် ကုန်ထုတ်လမ်းဖြစ်စေရေးအတွက် ကျေးရွာတာဝန်ရှိသူများ၊ ကုန်ထုတ်လမ်းဆောင်ရွက်ခြင်းကြောင့် တိုက်ရိုက်အကျိုးခံစားရသူများပါဝင်သည့် ကုန်ထုတ်လမ်း အထောက်အကူပြုအဖွဲ့၊ လုပ်ငန်းစောင့်ကြည့်စစ်ဆေးရေးအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ အနည်းဆုံးတစ်ဦး လုပ်ငန်းခွင်တွင် နေ့စဉ်မပြတ်စောင့်ကြည့်ပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် အားတက်သရော အကြံပြုပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဗြိဘ(အနောက်)ကျေးရွာ ကုန်ထုတ်လမ်းအား ၂၀၁၈ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် မိုးရွာသွန်းနေသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဖိနပ်ပင်စီး၍မရဘဲ ဖိနပ်မပါ ခြေဗလာနှင့်ပင် မိုးရွာထဲ ထီးဆောင်း၍ လမ်းနယ်သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

မူလလမ်းမှာ လှည်းလမ်းသာဖြစ်သည့်အပြင် လမ်းမှာ လမ်းဘေးဝဲ/ယာရှိ လယ်ယာမြေများထက် နိမ့်နေ၍ သတ်မှတ်လမ်းအကျယ်ရရှိစေရန် လမ်းချဲ့ခြင်းနှင့်

စာမျက်နှာ ၁၉ သို့

# စစ်ကိုင်းမြို့ရှိ သမိုင်းဝင်ဘုရား၊ စေတီပုထိုးများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား



**စစ်ကိုင်း ဇူလိုင် ၂၀**

ဝါဆိုလပြည့်နေ့တွင် စစ်ကိုင်းမြို့ရှိ သမိုင်းဝင် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"ဝါဆိုလပြည့်ကတော့ စစ်ကိုင်းမြို့ရှိ ဝါတွင်းဘုရားစဉ်ပွဲတော်တွေထဲမှာ ဦးစွာကျင်းပခွင့်ရတဲ့ ဆွမ်းဦးပုညရှင်မြတ်စွာဘုရားကြီးပါ။ အနယ်နယ်အရပ်ရပ်က လာရောက်ကြတဲ့ ဘုရာဖူးပြည်သူတွေနဲ့ အထူးစည်ကားလျက်ရှိပါတယ်။ ဘုရားဖူးပြည်သူတွေ အန္တရာယ်မဖြစ်ပွားရအောင် သက်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့များက တောင်တက်/ တောင်ဆင်းလမ်းတွေမှာ စောင့်ကြပ်ပြီး လမ်းပြဆောင်ရွက်ပေးနေကြပါတယ်။ ရင်ပြင်တော်ပေါ်ရောက်လာတဲ့ မော်တော်ယာဉ်များကိုလည်း စနစ်တကျဖြစ်အောင် တာဝန်ရှိသူတွေ၊ ဘုရားဂေါပကအဖွဲ့တွေက ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းစွာ ဘုရားဖူးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ သာသနာ့ဗိမာန်တော်ကြီးပြီးစီးပြီဖြစ်တဲ့အတွက် ရဟန်း၊ ရှင်၊ လူပြည်သူတွေ ညအိပ်ညနေ လွတ်လပ်စွာ ဘုရားဖူးမြော်နိုင်ကြပါပြီ" ဟု ဆွမ်းဦးပုညရှင်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

အလားတူ စစ်ကိုင်းမြို့၏ မြောက်ဘက်ငါးမိုင်ခန့်အကွာ တည်ထားသည့် ကောင်းမှုတော် စေတီတော်မြတ်ကြီးတွင်လည်း ဝါဆိုလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**




## ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄(တက္ကသိုလ်အဆင့်)အွန်လိုင်းမှ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ကို အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရသည်-

https://www.ncsc.gov.mm/CAVC2024-Registration Form.pdf

https://www.ncsc.gov.mm/CAVC2024-Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ASEAN - JAPAN Cyber Security Awareness Video Competition - 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝက်ဘ်ဆိုက် www.ncsc.gov.mm သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၂၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၈ မှ

**"ဗြိဘ(အနောက်)ကျေးရွာကုန်ထုတ်လုပ်ငန်းဆောင်ရွက်စဉ် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီးနောက် ကျေးရွာသူ ကျေးရွာသားများအတွက် လက်တွေ့အသုံးချအကျိုးပြုနိုင်ခြင်း၊ ဗြိဘ (အနောက်)ကျေးရွာအတွက်သာမက ပတ်ဝန်းကျင်ရှိကျေးရွာများအတွက်ပါ ဒေသထွက်ကုန်သီးနှံများသယ်ပို့ရာ၌ အဓိကအားထားအသုံးပြုနိုင်ခြင်း၊ ကျေးရွာကုန်ထုတ်လမ်းအထောက်အကူပြုအဖွဲ့၊ လုပ်ငန်းစောင့်ကြည့်စစ်ဆေးရေးအဖွဲ့တို့က လုပ်ငန်းဆောင်ရွက်မှုအပေါ် လစ်ဟင်းမှုမရှိဘဲ နေ့စဉ်မပြတ်စောင့်ကြည့်၍ လိုအပ်ချက်များရှိပါက ဌာနနှင့်ပြည်သူ တွဲလက်ညီညီ ချက်ချင်းပြုပြင်ဖြည့်စွက် ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းဆောင်ရွက်ပြီး တစ်နှစ်ခွဲခန့်အကြာထိ ကုန်ထုတ်လမ်းမှာ လှည်းဘီးအရာမျှပင်မထင်ဘဲ လမ်းမျက်နှာပြင်မှာ မာကျောပြီး ကျောက်ချောလမ်းပမာ အခိုင်အခံ့တည်ရှိ"**

အောက်ခံမြေ မကောင်းသည့်အတွက် မူလအောက်ခံမြေများ ဖယ်ထုတ်၍ ကျောက်ရောမြေဖြည့်ပြီး သတ်မှတ်လမ်း Level ရရှိအောင် ဆောင်ရွက်ခဲ့ရပါသည်။ အဆိုပါကုန်ထုတ်လမ်း အောက်ခံမြေ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်ခံမြေများပျော့ပြီး လှည်း၊ နွား၊ ဆိုင်ကယ်များပင်သွား၍မရတော့ဘဲ လမ်းလုပ်ငန်းဆောင်ရွက်သည့် ယာဉ်စက်ယန္တရားများ ဝင်ထွက်ရန် အဆင်မပြေတော့သည့်အတွက် လုပ်ငန်းခေတ္တရပ်ဆိုင်းခဲ့ရပါသည်။

လုပ်ငန်းဆောင်ရွက်သည့်ကာလမှာ မိုးရာသီဖြစ်နေ၍ မိုးလင်းသည့်အချိန်ကိုစောင့်ကာ လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ဘတ်ဂျက်တိုကာလဖြစ်ပြီး သတ်မှတ်ရက်အတွင်း လုပ်ငန်းမပြီးမည်စိုး၍ တစ်ကြောင်း၊ ကုန်ထုတ်လမ်းမှာ တောင်သူများ နေ့စဉ်အသုံးပြုနေသည့် လမ်းဖြစ်သည့်အတွက် လုပ်ငန်းရပ်ဆိုင်းထားပါက တောင်သူများ ကုန်ထုတ်ရန် နှောင့်နှေးကြန့်ကြာနေမည်က တစ်ကြောင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းကို တတ်နိုင်သလောက် တွန်းအားပေးဆောင်ရွက်ခဲ့ရပါသည်။

ဌာနမှဝန်ထမ်းများသည် အမျိုးသမီးဝန်ထမ်းများဖြစ်၍ လုပ်ငန်းခွင်ရှိရာကျေးရွာတွင် ညအိပ်နေထိုင်ပြီး လုပ်ငန်းကြီးကြပ်ဆောင်ရွက်ရန် အဆင်မပြေသည့်အတွက် ရေစကြိုမြို့မှ ၂၂ မိုင်ခန့်ကွာဝေးသော လုပ်ငန်းခွင်သို့ ကားဖြင့်တစ်ဖုံ ဆိုင်ကယ်ဖြင့်တစ်မျိုး စိမ့်၍ရွှံနေသော စွေမိုးများအကြား နေ့စဉ်သွားရောက်ဆောင်ရွက်ခဲ့ရပါသည်။ မိုးသည်းထန်စွာရွာသွန်းပြီး မြေသယ်ယာဉ်နှင့် လမ်းလုပ်ငန်းသုံးစက်ယန္တရားများ လုံးဝဖြတ်သန်းသွားလာ၍မရသည့် အချိန်မှသာ လုပ်ငန်းခေတ္တရပ်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်၍ရသည်နှင့် တစ်ပြိုင်နက်ချက်ချင်း ဆောင်ရွက်နိုင်ရေးအတွက် ဌာနတာဝန်ရှိသူများ၊ ကား/စက်ယန္တရားမောင်းများနှင့် ကျေးရွာတာဝန်ရှိသူများမှာ လုပ်ငန်းခွင်တွင် အသင့်ရှိနေခဲ့ပါသည်။

ထိုသို့ပင် မိုးရွာလိုက်၊ လုပ်ငန်းခေတ္တရပ်ဆိုင်းလိုက်၊ မိုးတိတ်ပါက လုပ်ငန်းပြန်စလိုက်ဖြင့်ပင် ဗြိဘ(အနောက်) ကျေးရွာကုန်ထုတ်လမ်း ခြောက်ဖာလုံအား နှစ်လခန့်အကြာတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ အဆိုပါကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် လမ်းညွှန်မှာကြားချက်များကို စနစ်တကျလိုက်နာခြင်း၊ ကုန်ထုတ်လမ်းအထောက်အကူပြုအဖွဲ့၏ အကြံပြုချက်များအား ဖြည့်စွက်ဆောင်ရွက်ခြင်းတို့ကြောင့် ကုန်ထုတ်လမ်းကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စိုက်ပျိုးရေးကေပေါင်း ၁၁၀၀ အကျိုးပြုနိုင်ခဲ့သည့် ကုန်ထုတ်လမ်း**

ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဗြိဘ(အနောက်)ကျေးရွာရှိ အိမ်ခြေ ၃၀၀၊ လူဦးရေ ၂၆၀၀၊ ယာမြေစိုက်ပျိုးရေး ဧကပေါင်း ၁၁၀၀ တွင် နှစ်စဉ် စိုက်ပျိုးလျက်ရှိသော ပြောင်း၊ ပဲအမျိုးမျိုး၊ နှမ်း၊ ဝါ၊ ပဲစင်းငုံ၊ ငရုတ်၊ ဖရဲနှင့် အခြားစိုက်ပျိုးသီးနှံများအပြင် တစ်ပိုင်တစ်နိုင် ဒေသမွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်မျိုးစုံကို ရာသီမရွေး၊ အချိန်တိုအတွင်း သယ်ယူစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်မှာ လက်တွေ့ပင်ဖြစ်ပါသည်။

**ပီတိကိုစား အားရှိပါ၏**

ဗြိဘ(အနောက်)ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်စဉ်အတွင်း မိုးရွာသွန်းမှုကြောင့် လုပ်ငန်းဆောင်ရွက်မှုနှောင့်နှေးကြန့်ကြာမှုများရှိခဲ့၍ ထင်သလောက်ခရီးမရောက်ခဲ့ဘဲ လုပ်ငန်းဆောင်ရွက်သည့်ကာလမှာ ခန့်မှန်းချိန်ထက် ပိုကြာခဲ့သလို မြေပြင်အခက်အခဲများစွာလည်း ကြုံတွေ့ခဲ့ရပါသည်။

လုပ်ငန်းဆောင်ရွက်စဉ် အခက်အခဲများစွာကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီးနောက် ကျေးရွာသူ ကျေးရွာသားများအတွက် လက်တွေ့အသုံးချအကျိုးပြုနိုင်ခြင်း၊ ဗြိဘ (အနောက်)ကျေးရွာအတွက်သာမက ပတ်ဝန်းကျင်ရှိကျေးရွာများအတွက်ပါ ဒေသထွက်ကုန် သီးနှံများသယ်ပို့ရာ၌ အဓိကအားထား အသုံးပြုနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း အထက်ဌာနအဆင့်ဆင့်မှ တာဝန်ရှိသူများ၏ လမ်းညွှန်မှာကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းနှင့် ကျေးရွာကုန်ထုတ်လမ်းအထောက်အကူပြုအဖွဲ့၊ လုပ်ငန်းစောင့်ကြည့်စစ်ဆေးရေးအဖွဲ့တို့က လုပ်ငန်းဆောင်ရွက်မှုအပေါ် လစ်ဟင်းမှုမရှိဘဲ နေ့စဉ်မပြတ်စောင့်ကြည့်၍ လိုအပ်ချက်များရှိပါက ဌာနနှင့်ပြည်သူ တွဲလက်ညီညီ ချက်ချင်းပြုပြင်ဖြည့်စွက် ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းဆောင်ရွက်ပြီး တစ်နှစ်ခွဲခန့်အကြာထိ ကုန်ထုတ်လမ်းမှာ လှည်းဘီးအရာမျှပင် မထင်ဘဲ လမ်းမျက်နှာပြင်မှာ မာကျောပြီး ကျောက်ချောလမ်းပမာ အခိုင်အခံ့တည်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည့်အတွက် လုပ်ငန်းဆောင်ရွက်စဉ်က ပင်ပန်းသမျှ အမောပြေခဲ့ရပါသည်။

ထိုကဲ့သို့ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်"** ဟူသော ဌာန၏ မျှော်မှန်းချက်နှင့်အညီ ပရဟိတစိတ်အပြည့်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


**ကိုးကား-**

**(၁) ကျေးလက်ကုန်ထုတ်လမ်းတည်ဆောက်ရေးလက်စွဲ**

**(၂) စာရေးသူ၏ ကုန်ထုတ်လမ်း Pilot Project ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများ**

ဝတ္ထုတို

## ■ ခင်ဇော်(သီတာကုန်းပြင်)




(၁)

အဝေးပြေး လမ်းမကြီး၏ဘေး မြို့အစွန်ကျသည့် ရပ်ကွက်ကလေးကို ဖိုးတေတို့သားအမိ ရောက်ရှိလာချိန်၌ ပါလာသည့်ငွေဖြင့်အရင်ဆုံးအိမ်နှင့်ခြံကို ဝယ်လိုက်၏။ ခြံဆိုသော်လည်း အမြဲရေဝပ်နေသော (၁၅/၂၀)ပေအကွက်ကလေးသာဖြစ်ပြီး လမ်းပေါ်ကနေ ဝါးတံတားထိုးထားသော ဓနိမိုးကြမ်းခင်းတဲအိမ်လေးသာဖြစ်၏။ မြို့၏အချက်အခြာကျသည့် ဖိုးတေတို့ မိသားစု ပိုင်ဆိုင်သည့်နေအိမ်နှင့်ခြံဝင်းလေးမှာ ကင်ဆာရောဂါသည်အဖေ၏ ဆေးဖိုးငွေနှင့် အလဲအထပ် လုပ်လိုက်ရသည်။

သို့သော် နေအိမ်နှင့်ခြံသာကုန်သွားသည်။ ဖိုးတေ၏ဖခင်ကိုဆုံးရှုံးလိုက်ရ၏။ ဖခင်ဆုံးသည့်နှစ်မှာပင် ဖိုးတေ၏ ပညာရေးလည်း အထက်တန်း ကျောင်းသားဘဝ တစ်ဝက်တစ်ပျက်နှင့် အဆုံးသတ်လိုက်ရသည်။ ဖိုးတေ၏ မိခင်မှာလည်း မျက်လုံးမကောင်းပါ။ ထို့ကြောင့် ဒုက္ခိတအမေအိုကို ဖိုးတေကသာ ရှာဖွေကျွေးမွေးခဲ့ရသည်။ နေရာသစ်တွင် တစ်စုံတစ်ရာ အကူအညီ တောင်းရန်အတွက် အသိမိတ်ဆွေကလည်းမရှိ၊ ရင်းနှီးစားသောက်ဖို့ရန် ငွေအရင်းအနှီးလည်းမရှိသည့်အတွက် ကြုံရာကျပန်း အလုပ်ကြမ်းမျိုးစုံကိုလုပ်ရင်း ဖိုးတေတို့သားအမိခက်ခက်ခဲခဲဘဝရပ်တည်ခဲ့ရသည်။

နောက်တော့ အလုပ်ကြမ်းများလုပ်ရင်းမရှိမဲ့ရှိမဲ့ချွေတာ စုဆောင်းထားသောငွေလေးနဲ့ ဆိုင်ကယ်အဟောင်းတစ်စီးဝယ်ကာ ကယ်ရီဆွဲသည်။ ရပ်ကွက်ထဲက ကုန်စိမ်းသမားအများစုသည် ဖိုးတေ၏ ဖောက်သည်များဖြစ်လာသည်။ မနက်သုံးနာရီကတည်းက နေ့လယ်စာအတွက် စောစောထ ချက်ပြုတ်ပြီး ကုန်စိမ်းသမားများဈေးအမီ ကယ်ရီပို့ပေးရသည်။ ကုန်စိမ်းရောင်းချသူများ၏ အလုပ်ကို ကိုယ့်အလုပ်လိုသဘောထားပြီး အချိန်မှန် ရောက်ရှိအောင်သယ်ယူပေးခြင်း၊ ကူညီပြီးရောင်းချ ပေးခြင်းများကြောင့် ကုန်စိမ်းသမားများက ကယ်ရီခတန်ရာတန်ကြေး ကျသင့်ငွေအပြင် ဖိုးတေတို့သားအမိ စားသောက်ဖို့အတွက် ဟင်းသီးဟင်းရွက်များအား နေ့စဉ်လက်ဆောင်ပေးကြ၏။

ဆိုင်ကယ်ကယ်ရီ အလုပ်ကလေးနှင့် ဖိုးတေတို့သားအမိသည် စီးပွားမဖြစ်သော်လည်း ထမင်းနပ်မှန်အောင်တော့ စားသောက်နိုင်ခဲ့ပါသည်။

(၂)

မနေ့က တစ်နေ့လုံးပင်ပန်းခဲ့သဖြင့် စောစောအိပ်ရာဝင်ခဲ့ရာ ယနေ့မနက်တွင် ဖိုးတေသည် စောစောနိုးနေ၏။ ထမင်းဟင်းအိုးများကျက်ပြီး ရေနွေးအိုးတည်ပြီးချိန်တွင် မနက်လေးနာရီပင်ရှိသေး၏။ ရုတ်တရက် အိမ်ရှေ့ကားလမ်းမပေါ်က “ဝုန်း” ဆိုသည့်မြည်သံကြီးနဲ့အတူ ကားတစ်စီး ရပ်တန့်သွားသည့် အသံကိုကြားရသည့်အတွက် လက်နှိပ်မီးကိုကိုင်ရင်း တဲအိမ်အပြင်ဘက်ကိုထွက်ကာ အသံကြားရာလမ်းမဘက်ကိုထွက်လာခဲ့သည်။ မနက်စောစောမို့ကားများ အသွားအလာမရှိသေးပေ။

လမ်းမကြီးဘေးက သစ်ပင်ကြီးတစ်ပင်ကိုတိုက်မိ၍ လမ်းဘေးကို ထိုးကျလုဆဲဆဲဖြစ်နေသော ကားတစ်စီးကိုတွေ့ရသဖြင့် ကားကိုလှည့်ပတ်ကြည့်မိသည်။ ကားခေါင်းခန်းတွင် သွေးသံတရဲရဲဖြင့် သေမှန်း၊ ရှင်မှန်းမသိရသော လူငယ် နှစ်ယောက်ကိုတွေ့ရ၏။ ကားဒက်(ရှ)ဘုတ်ပေါ်တွင်လည်း သူတို့၏ ပိုက်ဆံအိတ်များကိုတွေ့ရသည်။

ဖိုးတေ အချိန်ဆိုင်းနေ၍မဖြစ်တော့ပါ။ လူငယ်များ၏ လည်ပင်းတွင်တွေ့ရသည့် ရွှေဆွဲကြိုးများနှင့် လက်မှလက်စွပ်တို့ကို အမြန်ဖြုတ်သိမ်း၍ ပိုက်ဆံအိတ်များကိုအမြန်ယူလိုက်၏။ ထို့နောက် အိမ်ကိုအမြန်ပြန်၍ ဆိုင်ကယ်ကိုထုတ်ကာ ရပ်ကွက်လူမှုကူညီရေးအသင်းရှိရာသို့သွား၍ ကားအက်ဆီးဒင့်ဖြစ်သည့်နေရာအား အတိအကျပြောဆို အသိပေးကာ သူ့ဖောက်သည် ကုန်စိမ်းသမားများအချိန်မီ ဈေးသို့ရောက်ရှိရေးအတွယ် ကယ်ရီသွားလိုက်ပါတော့သည်။

(၃)

ကြီးကျယ်ခမ်းနားသော တိုက်အိမ်ကြီးတစ်လုံး၏ ဧည့်ခန်းအတွင်းဝယ် အမျိုးသမီးကြီးတစ်ဦးနှင့် လူငယ်နှစ်ယောက် စကားလက်ဆုံပြောနေကြသည်။ လူငယ်နှစ်ယောက်၏ မိခင်ဖြစ်ဟန်တူသော အမျိုးသမီးကြီးက ....

“ သားရေ မင်းတို့သူငယ်ချင်းနှစ်ယောက်ရဲ့ အသက်ကိုကယ်ခဲ့တဲ့ကလေးကိုရှာလို့တွေ့ပြီလားကွဲ့”

“လူမှုကူညီရေးအဖွဲ့က ပြောတာတော့ ဒီကောင်လေးနေတဲ့နေရာက မြို့အစွန်က ရပ်ကွက်ထဲမှာ နေတယ်ပြောတယ်အမေ”

“ဒီကလေးကြောင့် ငါ့သားတို့အသက်အချိန်မီကယ်လို့ရခဲ့တာ၊ နောက်နာရီဝက်လောက် နောက်ကျတာနဲ့ သွေးထွက်လွန်ပြီး အသက်အန္တရာယ်ရှိနိုင်တယ်လို့ ဆရာဝန်ကပြောတယ်။ ဒီကလေးဟာ သားတို့ရဲ့ အသက်သခင်ကျေးဇူးရှင်ပဲကွဲ့။ ကဲကြာပါတယ် ဒီကလေးနေတဲ့နေရာကိုအမေလည်း လိုက်ခဲ့မယ် လာသွားကြစို့...”

အမျိုးသမီးကြီးနှင့် လူငယ်နှစ်ဦးသည် သွက်လက်သောခြေလှမ်းများဖြင့် အိမ်အပြင်တွင် အသင့်ရပ်ထားသောကားပေါ်သို့တက်လှမ်းသွားကြပါတော့သည်။

(၄)

မြို့အပြင်ဘက်ကျသည့် သာမန်လက်လုပ်လက်စားအလုပ်သမားအများစုနေထိုင်သည့် တဲအိမ်လေးများ၏ရှေ့တွင် တန်ဖိုးကြီးနောက်ဆုံးပေါ် ဇိမ်ခံကားအဖြူရောင်တစ်စီး ရပ်ထားသည်။ အိမ်လေးများရှိရာသို့ မကြာမီ မီးခိုးနံ့တစ်ထောင်းထောင်း ထွက်နေသည့် ဆိုင်ကယ်လေးနှင့် ဖိုးတေရောက်ရှိလာ၏။ မိမိအိမ်ထဲ၌ မိခင်နှင့် ရပ်ကွက်လူကြီးများသည် စကားများပြောဆိုနေကြသည့် မြင်ကွင်းကို မြင်ရသည့်အတွက် ရုတ်တရက်မို့ ဖိုးတေသည် စိုးထိတ်လန့်စိတ်ဖြစ်မိသည်။

“ကဲသားလေး... ဟောဒီကအစ်ကိုနှစ်ယောက်ကို သားမြင်ဘူးလား သေချာကြည့်ပါဦးကွယ်”

တန်ဖိုးကြီး လက်ဝတ်ရတနာများကို ဝတ်ဆင်လျက် လက်ဆွဲအိတ်ကြီးကို ကိုင်ထားသော အမျိုးသမီးကြီး၏စကားကြောင့် လူငယ်နှစ်ယောက်ဘက်ကို ဖိုးတေလှည့်ပြီးသေချာကြည့်မိသည်။

“ဩော် သားမှတ်မိပြီအန်တီ။ ဟိုတစ်ခါ ဒီလမ်းပေါ်မှာ အက်ဆီးဒင့်ဖြစ်ခဲ့တဲ့ အစ်ကိုနှစ်ယောက်မလား။ သား လူမှုကူညီရေးအဖွဲ့ဆီသွား သတင်းပို့တုန်းက သူတို့ရဲ့ဆွဲကြိုးတွေ၊ လက်စွပ်တွေ၊ ပိုက်ဆံအိတ်တွေကို ကားထဲမှာထားခဲ့ရင်မသမာသူတချို့နဲ့ တွေ့မှာစိုးလို့ သားတစ်ခါတည်းယူသွားပြီး အသင်းဆီမှာ အပ်ခဲ့တယ်ဗျ။ အဲဒီပစ္စည်းတွေပြန်ရရဲ့လားအန်တီ”

အမျိုးသမီးကြီးက အရွယ်နဲ့မလိုက်အောင်ရိုးသားဖြူစင်သော လူငယ်ကလေး ဖိုးတေကို လေးစားအထင်ကြီးသော အကြည့်ဖြင့် ပြုံးပြုံးကြီးကြည့်နေ၏။ ထို့နောက် အမျိုးသမီးကြီးက ဖိုးတေ၏ ဦးခေါင်းကို ဖွဖွကလေးကိုင်လျက် မိခင်ရနံ့သင်းပျံ့သည့် စကားသံနှင့်အတူပြောသည်။

“သားအပ်ခဲ့တဲ့ပစ္စည်းတွေ ပြည့်ပြည့်စုံစုံပြန်ရပါတယ်ကွယ်။ တကယ်တော့ အဲဒီပစ္စည်းတွေ ပြန်မရလည်း အန်တီတို့အတွက်ဘာမှမဖြစ်ပါဘူး။ အန်တီဘဝမှာ သားနှစ်ယောက်ဟာ အန်တီရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ရတနာတွေပါ။ အန်တီဘဝရဲ့ အရေးကြီးတဲ့ သားနှစ်ယောက်ရဲ့ အသက်ကို ကယ်တင်ပေးရုံတင် မကဘဲ လူဆင်းရဲပေမယ့် အကျင့်စာရိတ္တမဆင်းရဲကြောင်းဖော်ထုတ်ပြသနိုင်ခဲ့တဲ့ ငါ့သားလေးရဲ့ရိုးသားမှုကို အန်တီအရမ်းချီးကျူးတယ်။ သားလေးဟာ အန်တီတို့မိသားစုအတွက် အသက်သခင် ကျေးဇူးရှင်ပဲ။ သားလေး ဘာဖြစ်ချင်၊ ဘာလိုချင်လည်း ပွင့်ပွင့်လင်းလင်းအန်တီကို ပြောစမ်း၊ အန်တီအားလုံးဖြည့်ဆည်း ပေးပါရစေကွယ်”

အမျိုးသမီးကြီးဆီက ကြားရသည့် စကားကြောင့် ဖိုးတေအချိန်မဆိုင်းဘဲ သူအဖြစ်ချင်ဆုံး ဆန္ဒများကို ထုတ်ဖော်ပြောမိသည်။

“သားဘဝမှာအဖြစ်ချင်ဆုံးအရာနှစ်ခုရှိတယ်အန်တီ”

“နှစ်ခုထဲတင်မရဘူး။ ဆယ်ခုပြောလို့ရတယ်သားလေး”

ဖိုးတေနှင့် အမျိုးသမီးကြီးတို့ အပြန်အလှန်ပြောဆိုနေကြသည့် စကားသံများကို ကြားရသည့် ရပ်ကွက်လူကြီးများသည် တဟားဟားရယ်မောလိုက်ကြသည်။

“အမေ့မျက်လုံးကို ပြန်မြင်ရအောင် ဆေးရုံတက်ချင်တယ်။ ပြီးတော့ ပညာတတ်ကြီးဖြစ်အောင် သားကျောင်းပြန်ပြီးတက်ချင်တယ်အန်တီ”

“အိုကေ သားလေးဖြစ်ချင်တာအကုန်ဖြစ်ပြီလို့မှတ်လိုက်ပါ”

အမျိုးသမီးကြီးက ရပ်ကွက်လူကြီးများနှင့်အချိန်အနည်းငယ်ကြာတိုင်ပင်ပြောဆို၍ ဖိုးတေတို့ သားအမိကိုကားနှင့်ခေါ်ဆောင်၍သွားပါတော့သည်။

(၅)

နောက် ၁၅ နှစ်ခန့် ကြာသောအခါ ...ရိုးသားကြိုးစား၍ ရည်မှန်းချက်ကြီးမားသော ကယ်ရီသမားလေး ဖိုးတေသည် စည်းကမ်းစနစ်အလွန်ကောင်းမွန်၍ လူတကာရိုသေလေးစားရသည့် အထက်တန်းကျောင်းအုပ် ဆရာကြီးဦးခန့်နိုင် အဖြစ် လူသိများလာခဲ့ပါတော့သည်။ ။

## ပညာသည်သာ အမြတ်ဆုံး

✳ ပညာသည်သာ အမြတ်ဆုံး
အရာအားလုံး ထက်သာလွန်။
✳ ပညာတွေကို သင်ယူသွား
ကြိုးစားလူချွန်။
✳ စိတ်ထားလေး လှရည်မွန်
ဘဝတံခွန် ထူကာလွှား။
✳ အဖိုးတန် လူသားအစစ်ကို
ထုဆစ်လုပ်ရှား။
✳ အချိန်တွေကို တန်ဖိုးထား
အမှန်နိုးကြား ဘဝတွင်။
✳ ပြောင်မြောက်ဖွယ် ဗွဲသတ္တိတို့
ထားရှိထာဝစဉ်။
✳ ပျင်းရိစိတ် ရှောင်ဖယ်ကြဉ်
မကောင်းညဉ် ဖယ်ခွာအဝေး။
✳ ရည်မှန်းရာ ပန်းတိုင်ရောက်ဖို့
လှမ်းလျှောက်စေလေး။
✳ ကောင်းရာကို ကြံဆတွေးလို့
ဘဝအရေး လှစေတကယ်။
✳ ပညာဟူသည် မြတ်ရွှေအိုးမို့
မြတ်နိုးရင်ဝယ်။
✳ ပညာဆည်းပူး တို့မောင်မယ်
ငယ်ရွယ်စဉ် အချိန်ရှိခိုက်။
✳ အတ္တမာန်တွေ မထောင်လွှားနဲ့
ရှောင်ရှားဖယ်လိုက်။ ။

ရဲသွေးနီ (တက်ဝန်)

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

# တတ်အောင်သင် တော်အောင်လေ့ကျင့်ကြပါစို့

■ ထက်အောင်လှူ(နံ့သာမြေ)

ရှဉ့်တစ်ကောင်သည် တစ်ဖက်သစ်ပင်ပေါ်သို့ မကူးရဲပါက လက်ရှိအပင်ပေါ်၌ပင် နေထိုင်အိုမင်းသွားဖို့သာရှိပေ၏။ တစ်ဖက်၌ရှိသော သရက်ပင်မှ ချိုမြိန်သော အသီးတို့အား မစားသုံးရတော့ပါပေ။ ဤသည်မှာ ကြောက်စိတ်နှင့် မစွမ်းဆောင်ခြင်းကြောင့်ဖြစ်ပေ၏။ မကူးပြောင်းနိုင်မှု၊ မစွမ်းဆောင်နိုင်မှုဟူသည် အတတ်အသိပညာကို မလေ့လာမသင်ယူ၍ပင်ဖြစ်ပါသည်။

"သတိမူက မြူမြင်နိုင်စွမ်းရှိပါသော်လည်း သတိမမူမိပါက ဂူပင်မြင်ဖို့ခက်ခဲလှပါပေ၏"။ သိခြင်းနှင့် မသိခြင်းကြားတွင် အလွှာပါးပါးလေးသာခြားတတ်ပါသည်။ တတ်ခြင်းနှင့် မတတ်ခြင်းကြားတွင်လည်း ပေးဆပ်ခဲ့မှုဟူသောအရင်းအနှီးတစ်ခုခြားပါ၏။ လူအများစုသည်"တတ်ချင်လျှင်သင် တော်ချင်လျှင်လေ့ကျင့်မှ"ဟူသော ထိုစကားလုံးအား သိကြပါသော်လည်း လက်တွေ့ထကာမလုပ်ကြ၍သာ ဘာမျှကောင်းကျိုးထူးမှု မရနိုင်ကြပေ။ အကြောင်းအထူးအပြောင်းအကူးဖြစ်ရန်မှာ "သိရုံနှင့်မလုံလောက်"၊ လက်တွေ့လုပ်ဖြစ်အောင်လုပ်ရန် လိုပါသေးသည်။ လက်တွေ့ဘဝအတွက်တွင်မူ ပြောနေရုံနှင့်မလုံလောက်၊ "ဦးဖွဲ့ဆိုသည်နှင့်လည်းမရနိုင်"၊ လက်တွေ့လုပ်ပါမှ အကျိုးထူးကိုရရှိကြပါပေ၏။ အရာရာသည် သူ့အလိုလိုဟူ၍မရှိနိုင်၊ မဖြစ်နိုင်၊ ယုတ္တိရှိသောအကြောင်းကြောင့်သာ တစ်ခုခုအကျိုးဖြစ်ရပေသည်။ ကျွန်တော်တို့လူသားများအဖို့ ဘဝတက်လမ်းအတွက် သင်ယူစရာများစွာရှိပါသည်။ မိမိဘဝလမ်းအတွက် စာပေ၊ ဂီတ၊ အနုပညာ၊ ဘာသာစကားစသည်ဖြင့် စုံလင်လှပေသည်။ ထိုအရာများနှင့်အတူ ရှေးဦးလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး လူ့ဘဝ၏အခြေခံအကျဆုံးသောပညာရပ်ဖြစ်သော "အသက်မွေးမှုပညာရပ်"တစ်ခုခုကို ဝါယမစိုက်၍ သင်ယူကြရပေမည်။ သို့မှသာ ဘဝသည် လူမွေးလူတောင်ပြောင်လက်လျက် လူနေမှုအဆင့်အတန်းမြင့်မားပေမည်။ အကောင်းဘက်ဖြစ်ရန်အတွက်မူ မနှောင်းလျက် ကျင့်ကြံကြိုးကုတ်ကာ ပညာရပ်တို့ သင်ယူမှုလုပ်ကြရပေမည်။ ထိုသို့သင်ယူကြရာ၌ အခြေခံအားဖြင့် အချက်သုံးချက်လိုအပ်ပါ၏။ ထိုသုံးချက်မှာ–

(၁) ရည်မှန်းချက်နှင့် ဖြစ်လိုစိတ်ပြင်းပြခြင်း၊

(၂) တွေးခေါ်နိုင်မှုနှင့် အလုပ်ကြိုးစားခြင်း၊

(၃) လက်တွေ့လုပ်ဆောင်ချက်နှင့် တိကျသောပန်းတိုင်သို့အရောက်သွားခြင်းတို့ဖြစ်ပါသည်။

**ရည်မှန်းချက်နှင့် ဖြစ်လိုစိတ်ပြင်းပြခြင်း**

"ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်"၊ "ငါ့လှေငါထိုး ပဲခူးရောက်ရောက်"ဟူသော မတိကျ မရေရာခြင်းနှင့် ရည်မှန်းချက်မရှိဘဲ ဘဝကိုရေစုန်မမျှောမိရေးလိုအပ်ပါပေသည်။ တိကျသောပန်းတိုင်၊ ရည်ရွယ်သောလုပ်ဆောင်ချက်ရှိရပါ၏။ မျှောချင်ရာမျှောနေသော ပယ်လယ်ထဲက သစ်ဆွေးပမာ မကျင့်အပ်ပါပေ။ သောင်တစ်ဖက်ကမ်း၊ စမ်း၏တည်နေရာ လှမ်းမြင်ကာဆောင်ရွက်ပါမှ ပန်းတိုင်နှင့်နီးကပ်နိုင်ပါပေ၏။ ထိုမှတစ်ဆင့် မိမိစိတ်သန္တာန်၌လည်း တောင့်တမှုနှင့် ဆာလောင်ပြင်းပြသောဆန္ဒရှိရန် လိုအပ်ပါသည်။ "ဆန္ဒသည် အဓိပတိ" ဖြစ်သည်။ "ပြင်းထန်သောဆန္ဒရှိသူတစ်ယောက်အဖို့ မိမိအလိုရှိသောအရာသည် စကြဝဠာ၏ ဟိုမှာဘက်ကမ်းတွင် ရှိသည်ဆိုငြားအံ့၊ ထိုအရာအား မီးခင်းသည့်လမ်းကိုနင်းလျက် သွားရောက်ယူခြင်းအားဖြင့်သာလျှင် ရယူနိုင်မည်ဟုလည်းဆိုငြားအံ့၊ ထိုသူသည် ဆန္ဒ၏အဟုန်ဖြင့် သွားရောက်ယူပေလိမ့်မည်။ ရရှိသောအခါ၌မူ ထိုသူ၏ခြေဖဝါးကိုပင် မီးမကူးကြောင်း တွေ့မြင်ရပေလိမ့်ဦးမည်။ ဤကား "ပြင်းထန်သောဆန္ဒ၏သတ္တိတည်း"ဟု စိန္တေရှင်က လမ်းညွှန်ဟောကြားခဲ့ပါပေသည်။ ဆန္ဒပြင်းပြလျှင် လုပ်ငန်းတစ်ဝက်အောင်မြင်ပါပေ၏။ ယနေ့လကမ္ဘာပေါ် တက်ရောက်ခဲ့ခြင်းသည်ပင်လျှင် ဆန္ဒမှအစပြုခဲ့ခြင်းဖြစ်ပါပေသည်။ ဆန္ဒကောင်းများနောက်သို့ လုပ်ရပ်ကောင်းတို့လိုက်ကာ ဘဝ၏ကောင်းကျိုးချမ်းသာများ ရယူနိုင်ပါပေသည်။

ပြင်းပြသောစိတ်သာရှိလျှင် အခက်အခဲတို့ရင်ဆိုင်ရသော်လည်း မလျော့သောဇွဲသတ္တိနှင့် လျှောက်လှမ်းပါက အလိုရှိရာရယူနိုင်သော သာဓကေတို့ များစွာတွေ့ဖူးကြပါပေမည်။ မိုင်တစ်ရာ၏အစသည် ပထမခြေတစ်လှမ်းဖြစ်ပါ၍ ရည်မှန်းချက်နှင့် ဖြစ်လိုစိတ်ပြင်းပြခြင်းတို့ရှိပါက "တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့" ဖြစ်ကာ အရောက်လှမ်းဖို့သာလို၏။ ဆုံးဖြတ်ချက်မှန်ကန်ကာ ရည်ရွယ်ရာသို့ အဆင့်ဆင့်ဖြတ်ကျော်ရင်းလျှောက်လှမ်းနေရပေမည်။ ထိုသည်ပင် ဘဝ၏ "တော်မှုတတ်မှု"တို့အတွက် ကြီးမားသောကနဦးအထောက်ကူကောင်းတစ်ရပ်ဖြစ်ပါပေ၏။

**တွေးခေါ်မှုနှင့်အလုပ်ကြိုးစားခြင်း**

သာမန်သမားရိုးကျအတွေးများနှင့် ရှင်သန်နေထိုင်ပါမူ ဘဝ၏အမြင့်ဆုံးအောင်မြင်မှုနှင့် လောကချမ်းသာတို့ကို ရရှိနိုင်ရေး ခက်ခဲလှပေသည်။ ရေစုန်၌မျှောပါလျက်ရှိသော ဆင်သေကောင်ပေါ်သို့ လိုက်ပါသွားသော ကျီးငှက်ပုံပမာပင် ဖြစ်ချေ၏။ ရှုမြင်တွေးခေါ်ရာ၌လည်း အလုံးစုံ၊ ဘက်ပေါင်းစုံကို ကြည့်မြင်ဝေဖန်နိုင်ရေး အထူးလိုအပ်ပါသည်။ "နွားမောင်းကိုစမ်းမိခဲ့၍ ဆင်သည်မြွေနှင့်တူပါသည်"ဟု သုံးသပ်သကဲ့သို့၊ "နားရွက်ကိုစမ်းသပ်မိရုံဖြင့် ယပ်တောင်နှင့်တူသည်"ဟု အတွေးအမြင်တိမ်စွာ ဘက်ပေါင်းစုံ မရှုမြင်မသုံးသပ်နိုင်သေးပါက လိုအပ်ချက်နှင့် မှားယွင်းနိုင်သေးသည်။ နောင်အနာဂတ်အတွက် တွေးတောမှုမရှိ၊ ကြိုးစားအားထုတ်မှုလုံ့လ အသုံးမချပါဘဲ လက်ရှိအနေအထားနှင့်ပင် "မျက်တောင်မွေးတစ်ဆုံးသာကြည့်တတ်ပြီး မျက်စိတစ်ဆုံးမကြည့်တတ်" သောသူနှင့် အတူတူပါပေ။ မိမိကိုယ်ကိုအရည်အချင်းရှိရေး အစဉ်တွေးလျက် "ကြိုးစားသူတို့၏ လက်တစ်ကမ်းအကွာတွင် အောင်မြင်မှုပန်းတိုင်ရှိသည်" ဟုဆိုသော စကားနှင့်အညီ အလုပ်ကိုကြိုးစားနေရန် လိုအပ်ပါပေ၏။ အလုပ်ကိုမကြိုးစားဘဲ ပျင်းရိနေပါမူ လယ်တီပဏ္ဍိတဦးမောင်ကြီး၏"ပိုးစုန်းကြူး" ကဗျာထဲတွင်–

"အပျင်းရောဂါ၊ စွဲကပ်လာ၊ မြန်စွာကုဖို့ပြင်၊
မကုစားဘဲ အပျင်းစွဲ ငမွဲငနုံပင်"
"ပျင်းရိလျက်သာ၊ အိပ်နေပါ၊ ရောင်ဝါမပေါ်လွင်"
"ကိုယ်နှင့်ဆိုင်ဘိအလုပ်ရှိ လျှံငြိဂုဏ်ရောင်ထင်၊
ကမ္ဘာတိုက်ဘောင် အလုပ်ရောင် ထွန်းပြောင်
အမြဲပင်"ဟု စပ်ဆိုမီးမောင်းထိုးပြထားပါသည်။

ကျွန်တော်တို့သည် ပျင်းရိမှုမရှိပါဘဲ ကာယ၊ ဉာဏတို့ပူးတွဲကာ ဟန်ချက်ညီညီ တွေးခေါ်နေကြရမည်။ ပြုလုပ်ဆောင်ရွက်ရန် တာစူနေကြရပေမည်။ ပိုးစုန်းကြူးလေးသို့ပုံပမာ အရောင်လက်အောင်တွေးဆကြံမှ နည်းလမ်းရသည်ဖြစ်၍ တွေးခေါ်မှုနှင့် မိမိအကျိုး၊ အများအကျိုးတို့ကို အမြဲမပြတ်အားထုတ်ကြိုးစားနေကြရပါမည်။ တွေးခေါ်ရန် မကြောက်သင့်ပါ ရဲရဲတွေး မှန်မှန်လုပ်လျှင် အဟုတ်ဖြစ်တတ်ပါပေ၏။

**လက်တွေ့လုပ်ဆောင်ချက်နှင့်**
**တိကျသောပန်းတိုင်သို့အရောက်သွားခြင်း**

ကိုယ့်ရည်မှန်းချက်နှင့် တိကျသောပန်းတိုင်သွားရာလမ်းတွင် စာတွေ့သာမက လက်တွေ့လုပ်ဆောင်ချက်များ ထပ်တလဲလဲ အဖန်ဖန်ထိတွေ့နေမှုက အရေးကြီးလှပေသည်။ အထိအတွေ့များလျှင် ကျွမ်းကျင်လာသည်မှာ လောကဓမ္မတာပင်ဖြစ်၍ ကျွမ်းကျင်သူ၊ တော်တတ်သူဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ တိကျသောပန်းတိုင်အပေါ် စိတ်ရည်လျက် လက်တွေ့အကြိမ်အရေအတွက်များလာသောအခါ၌ ငယ်ရွယ်စဉ် စက်ဘီးအစီးသင်သကဲ့သို့ပင် ပထမ၌ခြေနှစ်ဖက်သည် ခြေနင်းကိုနင်းပြီး လက်နှစ်ဖက်သည် လက်ကိုင်လေးကိုင်ကာ ရှေ့သွားလိုရာလမ်းကြောင်း ထိန်းကျောင်းရပေသည်။ လဲမကျရန်လည်း ဟန်ချက်ညီရေးအစဉ်တွေးလျက် မျက်စိ၊ နား၊ ဦးနှောက်တို့ကို အရိပ်အခြေအာရုံဘက်သို့ အာရုံခံလျက် ခန္ဓာကိုယ်၏အစိတ်အပိုင်းအားလုံးသည် သင်ခါစအချိန်၌ ပင်ပန်းဆင်းရဲလှပါ၏။ ခြေလက်တို့မှန်သော်လည်း အကွေ့ဘက်များ၊ ချိုင့်များ၊ လူတို့အနီး၌ ဆုံးဖြတ်ချက်ပြုလုပ်မှုအရာရာသည် ခက်ခဲပင်ပန်းလှပါ၏။ သို့သော် ငယ်စဉ်ကကျွန်တော်တို့ ဇွဲမလျှော့ခဲ့ကြ။ လူအများစီးနေကြသည်ကိုကြည့်၍ "သိလိုတတ်လိုစိတ်ပြင်းပြကာ" ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ "အောင်မြင်သူကဲ့သို့ပြုမူပါ သင်အောင်မြင်ပါလိမ့်မည်"ဟူသော လမ်းစဉ်နှင့်အညီ လုံ့လ၊ ဝီရိယ ဇွဲသတ္တိတို့နှင့် လဲကျမှုတို့အား အားငယ်မှု၊ သိမ်ငယ်မှု မရှိပါဘဲ နေ့စဉ်နေ့တိုင်း အဖန်ဖန်အားထုတ်ကြိုးပမ်းမှုကြောင့် စက်ဘီးကို ကောင်းမွန်စွာစီးတတ်ခဲ့ကြပေ၏။ လမ်းဘေးဝဲယာ၊ စက်ဘီးအထာ၊ သင့်တင့်စွာနေထိုင်စီးတတ်မှု၊ ယာဉ်များသွားရာလမ်း၊ အာရုံစူးစိုက်ထိန်းကွပ်ခြင်းတို့ကို ပိုင်နိုင်မှုရှိကာ ကျွမ်းကျင်မှုထိပ်ဆုံးသို့ရောက်ခဲ့ကြသည်။ ထိုသို့ကလေးဘဝက လက်တွေ့အကြိမ်ရေများစွာ ပြုလုပ်ခဲ့၍ ယခုအခါ အသက်အရွယ်ကြီးလာပါသော်လည်း စက်ဘီးစီးခြင်းအတတ်ပညာကို မေ့လျော့မှုမရှိ၊ မှားယွင်းမှုမရှိ၊ လွယ်လင့်တကူ ပြန်လည်စီးနိုင်ကြပါပေသည်။ ငယ်စဉ်အခါက ဝါယမထားကာ အကြိမ်ကြိမ်အထပ်ထပ်ထိတွေ့ခြင်းများ၏ ရလဒ်ဖြစ်ပါပေသည်။

**တတ်ချင်လျှင်သင် တော်ချင်လျှင်လေ့ကျင့်**

ကျွန်တော်တို့ မထင်မရှားသာမန်လူအဖြစ်မှ အတတ်ပညာတစ်ခုခုကိုရရှိလိုလျှင် ပညာရရှိရာနေရာသို့ အပြေးသွားရောက်ကာ အပတ်တကုတ်သင်ယူကြိုးစားရသည်များလည်း ရှိတတ်ပါပေ၏။ အမေရိကန်သမ္မတလင်ကွန်းသည် ဆင်းရဲ၍ မီးပုံမီးရှို့စာသင်ခြင်း၊ မြေပြင်တွင်တုတ်နှင့်ခြစ်ပြီး စာရေးခြင်း၊ သစ်တောထဲ၌သစ်ခုတ်ရခြင်း၊ စာတစ်အုပ်ဖတ်နိုင်ရေး မိုင်များစွာဝေးသောခရီးကို သွားခဲ့ရပေသည်။ သို့ပေ စာပေနှင့်သင်ယူလေ့လာဖတ်မှတ်ပြီး ရိုးသားကြိုးစားခြင်းကြောင့် တောခေါင်ခေါင်မှ အိမ်ဖြူတော်အဆောင်သို့ ရောက်နိုင်ခဲ့ပေသည်။ ကျွန်တော်တို့သည်လည်း "ချုံကြားမှ ဘုံဖျား"ရောက်ရန် ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြကာ ဘဝ၏ လောကဓံတရားကို လိမ္မာပါးနပ်စွာဖြေရှင်းကြရပါမည်။ ထိုမှတစ်ဆင့် "တတ်သူမှတော်သူ တော်သူမှကောင်းသူ" အဖြစ်လေ့ကားထစ်များအဆင့်ဆင့် လေ့ကျင့်ရပေမည်။ ကျွန်တော်တို့လူအများ ကြည့်ဖူးကြသော ဆက်ကပ်ပြပွဲတို့၌ ကြိုးတန်းပေါ်လမ်းလျှောက်ခြင်း၊ ခုန်ပျံကျော်လွှားပြုလုပ်ခြင်းတို့တွင် ထိုပညာရပ်အပေါ် တော်သူဖြစ်အောင် အကြိမ်ကြိမ် ချွေး သွေး သတ္တိဇွဲတို့ စုပေါင်းပြီး ရရှိလာသောရလဒ်များဖြစ်ပါပေ၏။

အချုပ်ဆိုရပါသော် မိမိသည်ဘာလဲ၊ မိမိသည် ဘယ်လဲဆိုသည်အား ပြန်လည်သုံးသပ်လျက် "မိမိဘက်မှ တတ်နိုင်လောက်သောလုံ့လ"၊ "တော်နိုင်လောက်သော ပေးဆပ်ရင်းနှီးမှု"တို့ရှိကြရပါပေမည်။ တစ်ခါတစ်ရံ၌ မိမိလိုချင်သော အရာဝတ္ထုတစ်ခုအတွက် စွန့်လွှတ်ရမည့်အရာတချို့ ရှိနေတတ်ပြန်ပါ၏။ လောကသည် "ဆန်ပေးမှ ဆီရ"သော သီအိုရီအရ တစ်ခုလိုချင်လျှင် တစ်ခုကို ပေးဆပ်နိုင်စွမ်းရှိရပေမည်။ ထို့ကြောင့် မိမိသည် တစ်ခုခုကို လိုချင်တောင့်တပါမူ ကောက်ရိုးမီးမဟုတ်သောစိတ်ဓာတ်နှင့် ဘဝအား ထိန်းချုပ်မောင်းနှင် ရင်းနှီးပေးဆပ်ရပါပေမည်။ ဘဝကို ရည်မှန်းချက်နှင့် ဖြစ်လိုစိတ်ပြင်းပြလျက် တွေးခေါ်နိုင်မှုနှင့် အလုပ်ကြိုးစားခြင်းတို့ပါဝင်ကာ လက်တွေ့လုပ်ဆောင်ချက်နှင့် တိကျသောပန်းတိုင်သို့ အရောက်သွားကြပါစို့ဟု နှိုးဆော်လိုက်ရပါပေသည်။ ထိုမှတစ်ဆင့်"တတ်ချင်လျှင်သင် တော်ချင်လျှင်လေ့ကျင့်"ဟု ဆိုသောကြောင့် အကြောင်းပြချက်အမျိုးမျိုးနှင့် ဘဝအား ရေစုန်မမျှောပါဘဲ တော်သူဖြစ်ရေး၊ တတ်သူဖြစ်ရေး ကြိုးစားအားထုတ်ကြရန် လိုအပ်ပါပေသည်။ "တတ်အောင်သင် တော်အောင်လေ့ကျင့်ကြပါစို့"ဟု ဆောင်ပုဒ်နှင့် ဘဝခရီး ရှေ့တက်လမ်း တော်စွမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါ၏။

မိမိတို့ဘဝလမ်းခရီး၌ တော်သူတတ်သူ ဥစ္စာခနေပြည့်ဝချမ်းသာသူ၊ လောကုတ်၊ လောကီ နှစ်ဖြာကောင်းကျိုးဖြည့်ကျင့်သူ စိတ်ဓာတ်သန်မာပြီး လူရည်ချွန်ဖြစ်ကာ အောင်မြင်သောလူမျိုး၊ အောင်မြင်သောသူများ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

ကိုးကား

– (ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း) နန္ဒာသိန်းဇံ
– (ဖြေဆည်ရာ) နန္ဒာသိန်းဇံ
– လယ်တီပဏ္ဍိတ ဦးမောင်ကြီး
– နန္ဒမိုး(ဒဿနများ)

## မြန်ပြည်ဖွားတို့ တာဝန်သိစို့

☆ တို့တွေဟာ မြန်ပြည်ဖွားမို့
မြန်ပြည်သား အစစ်မှန်။
တို့နိုင်ငံ တိုးတက်ရေးအား
တွေးဆရည်သန်။
ကောင်းမွေတို့ ရှည်ကြာရန်
ကေန်သာ တာဝန်ရှိ။
ထာဝစဉ် ချစ်မြတ်နိုးလို့
သယ်ပိုးသတိ။

☆ ကြည်နူးဖွယ် အလှတိနဲ့
သာယာဘိ တို့မြန်ပြည်။
တိုင်းရင်းအဆွေ ညီနောင်ထုတို့
အမှီပြုဝေစည်။
တစ်၊သုံး၊ငါး အားမာန်ချီ
ကိုယ်စီဟာ ညီနောင်များ။
သွေးထိုးလာ အဖျက်တစ်သိုက်ကို
တိုက်ဖျက်ပါလား။

☆ မြန်မာမှု စာပေများနဲ့
တိုင်းရင်းသား တို့စာပေ။
ကမ္ဘာ့အလယ်
မညှိုးငယ် ထိန်ဝေတင့်ဖို့
မြှင့်တင်စို့လေ။
အားလုံး၏ တာဝန်တွေ
ကျေပွန်စေ ထမ်းဆောင်ရွက်။
အသည်းဝယ် အစဉ်မြဲ
စွဲမြဲကာမှတ်။

☆ ရှေးပုဂံ လက်ထက်တည်းက
တည်တံ့လျက် တို့ဘာသာ။
ကမ္ဘည်းတင် မော်ကွန်းထိုးလို့
ကောင်းကျိုးဝေဆာ။
နောင်အနာဂတ် တည်စေရာ
ကြည်ဝေဖြာ တန်ဖိုးထား။
မည်သူတွေ မည်သို့ဖျက်လည်း
မပျက်စေသား။

ခင်မောင်မြင့်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ

မြစ်ကြီးနား ဇူလိုင် ၂၀

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမတည်ငွေများ တိုးမြှင့်ထောက်ပံ့ပေးနိုင်ရေးအတွက် ပူတာအိုမြို့သို့ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစတင်၍ ပူတာအိုမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးသည်။



### စုပေါင်းစိုက်ပျိုး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်အတွင်း လေဆိပ်ဝင်းမျက်နှာစာရှိ မြေကွက်လပ်၌ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပျဉ်းကတိုး၊ ရေပိတုန်း၊ သစ်အယ်၊ တောင်တမာနှင့် လောက်ယား ပျိုးပင်ပေါင်း ၅၅၀ ကို စုပေါင်းစိုက်ပျိုးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတောင်းကျေးရွာသို့ ရောက်ရှိပြီး အဆိုပါကျေးရွာအတွင်း မွေးမြူရေးတောင်သူဦးရေ ၄၀ အစုအဖွဲ့ဖြင့် နေအိမ်ခြံဝင်းများအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းမှ ငွေကျပ်သိန်း ၂၀၀ ဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအတွက် မွေးမြူရေးအထောက်အကူပြု ဆေးဝါးပစ္စည်းများ၊ အာဟာရဖြည့်စွက်စာများနှင့် ခြံဖျန်းပိုးသတ်ဆေးများ၊ စစ်ဗျူဟာ(အခြေချ)ပူတာအိုရှိ နွားမွေးမြူရေးခြံအတွက် အလားတူ မွေးမြူရေးအထောက်အကူပြု ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါကျေးရွာအတွင်းရှိ ပူတောင်းကွင်း မိုးစပါးစိုက်ပျိုးဧရိယာ ၄၀၀ ကျော်ရှိသည့်အနက် ကွင်းအမှတ်(၃၂) တောင်သူဦးအကူးဒီး၏လယ်၌ စိုက်ပျိုးထားသည့် ဆင်းဧကရီ-၃ အထွက်တိုးမျိုးသန့်စပါးခင်းကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ၏ သဘာဝဓာတ်မြေဩဇာ တောင်သူအသိပညာပေး သရုပ်ပြကွဲပက်ခြင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျေးရွာနှစ်ရွာ ကိုယ်စားပြုတောင်သူများက လယ်ယာများ ထပ်မံတိုးချဲ့ဖော်ထုတ်ပေးနိုင်ရေး၊ ကုန်ထုတ်လမ်းနှင့် တံတားပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးတို့အတွက် တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ခြေ ၂၀၅၆ အိမ်၊ လူဦးရေ ၁၁၉၄၁ ဦးတို့အား အကျိုးပြုသည့်အပြင် ကျေးရွာစိုက်ပျိုးရေးထုတ်ကုန်များ လျင်မြန်စွာတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ပူတာအို-လယ်မယ်ဝါဂျီ-နမ်ရှည်ကော့-မန်စေခွန်-မန်စေလမ်း (ပူတာအိုလွင်ပြင်)ပတ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မော်တော်ယာဉ်များပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ဆလောဒီ(၂)-မလိရိမ်လမ်းဘေးရှိ ရှင်းလင်းဆောင်နှင့် စီမံကိန်းကြီးကြပ်ရေးဆောင်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ အမြန်ဆုံး ဖြည့်စွက်ပြုပြင်ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

တောင်ငူ ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

### ဖွင့်လှစ်ပေး

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်က ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တောင်ငူမြို့ အထက(၄) ဘင်ခရာတပ်ဖွဲ့နှင့် အထက(၅) ပန်းဖွားအဖွဲ့တို့က တီးမှုတ်ဖျော်ဖြေတင်ဆက်ခြင်း၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက တင်းပုတ်သရုပ်ပြတင်ဆက်ခြင်း၊ တောင်ငူပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက အခြေခံပညာအဆင့် သင်ရိုးဝင်သီချင်းများကို ပလွေဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ခြင်းနှင့် Fitness Dance ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ကျောင်းသူများက ပဝါအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က တီးမှုတ်ကပြ ဖျော်ဖြေတင်ဆက်ကြသည့်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



တောင်ငူပညာရေးဒီဂရီကော်လိပ်၌ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို နိုင်ငံတစ်ဝန်းရှိ ပညာရေးဒီဂရီကောလိပ်ကျောင်း ၂၄ ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပိုက်ကျော်ခြင်း(အမျိုးသား) နှစ်ယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ် အုပ်စုရှစ်အုပ်စု၊ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်အုပ်စု ရှစ်အုပ်စုနှင့် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်အုပ်စု ရှစ်အုပ်စုတို့ဖြင့် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



# ပုသိမ်မြို့၌ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုသိမ် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် အပတ်စဉ်စနေနေ့တိုင်း ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက်ဝင်းနှင့် ရွှေစည်းခုံဘုရားအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပါဝင်သော အင်အား ၁၅၀ နှင့် ရွှေစည်းခုံဘုရားပရိဝုဏ်အတွင်း၌ အင်အား ၁၁၀ တို့က ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးမြို့နယ် မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မကွေး ဇူလိုင် ၂၀


မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၈ ရက်က တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပသည်။

ဦးစွာ မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း ဥက္ကဋ္ဌသဘာပတိ ဦးဘုန်းမြင့်ထွန်းက နှစ်အတွင်းရရှိခဲ့သောဝင်ငွေ၊ အသုံးစရိတ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားအတည်ပြုချက် ရယူကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အသင်းသားခုနစ်ဦးအား စုဆောင်းငွေအပေါ် အတိုးကျပ် ၂၃ ဒသမ ၁၃၂ သိန်း ထုတ်ပေးခဲ့ပြီး ငွေကျပ် ၁၃ သိန်း တန်ဖိုးရှိ ထီး၊ ဆပ်ပြာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



**အောင်ကို(ဖန်ခါးမြေ)**


သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တို့ခေတ်လုပ်သား ပြည့်စွမ်းအား




ရဲဘော်စိုးဝင်း(လှိုင်) ရေးသားသည့် တို့ခေတ်လုပ်သား ပြည့်စွမ်းအား စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

စက်မှုလက်မှုကုန်ထုတ်လုပ်မှုကဏ္ဍကို နှစ်ရှည်၊ နှစ်တို ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းများနှင့်အညီ အောင်မြင်စွာ ထုတ်လုပ်အကောင်အထည်ဖော်နိုင်မှသာလျှင် ကုန်ပစ္စည်းများ လုံလောက်စွာထွက်ပေါ်လာနိုင်ပါမည်။ သို့မှသာလျှင် ကုန်ဈေးနှုန်းများကျဆင်းပြီး လူ့ဘဝလိုအင်ဆန္ဒများ ဖြည့်ဆည်းနိုင်ကာ သာယာဝပြောသော လူ့ဘောင်ဘဝကြီး ဖြစ်ပေါ်လာပေမည်။

ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် မည်သည့်အချက်များ လိုအပ်သနည်း၊ မည်သို့ ကာယ၊ ဉာဏလုပ်သားများ ပူးပေါင်းဆောင်ရွက်ကြမည်နည်း၊ ကုန်ထုတ်လုပ်သားတို့၏စွမ်းပကားနှင့် ယင်းတို့၏လုပ်အားကို မည်သို့ ဆုပေးဒဏ်ပေးစနစ်ဖြင့် လက်တွေ့အကောင်အထည်ဖော်သင့်သနည်း စသည်တို့ကိုရေးသားခဲ့သော ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ အလုပ်သမားတို့၏ စွမ်းအား စွမ်းပကားနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများ တစုတစည်းတည်း ဖတ်ရှုနိုင်ရန် ရေးသားထားသည်။

ထုတ်ကုန်သွင်းအားစု အလုပ်သမားများ၏ ဖန်တီးနိုင်သောစွမ်းပကားနှင့် အလုပ်သမားများ၏ ဘဝအထွေထွေ အခြေအနေအရပ်ရပ်တို့ကို ဤစာအုပ်၌ ဘက်စုံ၊ ထောင့်စုံ၊ ရှုထောင့်အဖုံဖုံမှ သုံးသပ်တင်ပြထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဦးမျိုးဆင့်(မြ-၀၁၁၄၁) အမှတ်-၂၈(က) ၁/အနော်မာ(၃)လမ်း(အနောက်) သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၈၁၈၉၁၄၈ မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားသည်။

## အောင်သပြေ မူလတန်းအဆင့် ပုံပြစာစီစာကုံးနှင့် စံပြစာစီစာကုံးများ





ရွှေဒါး မောင်မြင့်ထွန်း(အမျိုးသားစာပေဆုရ) စီစဉ်ရေးသားသည့် အောင်သပြေ မူလတန်းအဆင့် ပုံပြစာစီစာကုံးနှင့် စံပြစာစီစာကုံးများ စာအုပ် ထွက်ရှိလာသည်။

အစကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ပင် စနစ်သစ်ပညာရေး မူလတန်းအဆင့်တွင် မြန်မာစာကို နည်းစနစ်ကျနစွာ လေ့လာသင်ယူဆည်းပူးကြမှ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် ကျောင်းသားကျောင်းသူတို့၏ အသက်အရွယ်နှင့် လိုက်ဖက်ညီသော ဉာဏ်ရည်နှင့် လျော်ညီစွာ မြန်မာစာကို ရေးသားလေ့ကျင့်ဖြေဆိုနိုင်ကြမည်ဖြစ်သည်။ မူလတန်းအဆင့်ကတည်းက မြန်မာစာအခြေခံမကောင်းခဲ့လျှင် အထက်တန်းအဆင့် စနစ်သစ်သင်ရိုးလေ့ကျင့်ခန်းများကို နားလည်နိုင်စွမ်းအားနည်းပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဤစာစီစာကုံးကလေးများသည် အလွတ်ကျက်ရန်မဟုတ်ဘဲ “စု၊ တု၊ ပြု” ကြစေရန်ရည်သန်၍ နမူနာစာစီစာကုံးများကို ရေးပြထားခြင်းဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာစာ ထူးချွန်လိုလျှင် များများဖတ်၊ များများရေး၊ များများတွေး၊ များများလေ့ကျင့်၍ ကျောင်းသင်ခန်းစာများတွင်လည်း ဆရာ ဆရာမတို့၏ လေ့ကျင့်သင်ကြားပေးမှုများကို နာယူလိုက်နာလျက် မြန်မာစာပေကို လေးစားချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်နိုင်သူများ၊ လူချွန်လူမွန်များ၊ လူကောင်းလူတော်များ ဖြစ်ပါစေကြောင်း စာရေးသူက ဆန္ဒပြုရေးသားလိုက်သည်။

စာအုပ်ကို အောင်သပြေစာပေ အမှတ်(၅၀၃/၁) စုမြတ်သရဖီလမ်း မအူစုရပ်ကွက် ဒါးပိန်မြို့ လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပန်းမျိုးတစ်ရာ ကဗျာများ




စာရေးသူ သန်းထွန်း (RIT) ရေးသားသည့် ပန်းမျိုးတစ်ရာ ကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ထိုက်သင့်တန်ဖိုးခေါင်းစဉ်ဖြင့် ဦးပထမ ရွှေနှင့်စတာ၊ ဒုတိယတွင် ငွေနှင့်ဝင်သည်၊ ငြိုငြင်ရက်ကြား ကြေးနှင့်သွား၍၊ သက်ထားသခင် ထိပ်ခေါင်တင်ကို၊ ချစ်ကြင်ပါလှည့် တောင်းခံခဲ့သည်၊ ချို့တဲ့အမြင် ဘောင်မဝင်ကို၊ အသင်ယောကျ်ား သိပါလား။

တစ်ရက်တစ်ရက် အသက်ဆက်လည်း၊ ငဲ့ကွက်မညှာ အိုလက္ခဏာမို့၊ သေချာဆန်းစစ် သင်လွန်ချစ်လည်း၊ ဈေးဆစ်မရ နုပျိုမှုသည်၊ မုချအိုရင့် ပျက်သုဉ်းဆင့်မည်၊ ထိုက်သင့်တန်ဖိုး ပေးချေရိုးကို၊ အငြိုးမဝင် စိတ်ဆင်ခြင်၍၊ အစဉ်အိုရင့်သည်ကိုမြင်ပါလေ။

ကဗျာရေးသားရာတွင် ကျောင်းသားလူငယ်များအတွက် ဆိုလွယ်၊ ဖတ်လွယ်၊ ရေးလွယ်၊ လေ့လာလွယ်ရန်အတွက် မတိုမရှည် ရေးဖွဲ့ထားပြီး အကြောင်းအရာတစ်ခုအပေါ်တွင် ခံစားချက်အမျိုးမျိုး၊ ရေးဖွဲ့ပုံအမျိုးမျိုးဖြင့် စပ်ဆိုရေးဖွဲ့ထားသည်။ ထိုစာအုပ်တွင် ကဗျာအပုဒ်ရေ ၁၀၀ ပါသည်ကို ကိုယ်စားပြု၍ ပန်းမျိုးတစ်ရာဟု အမည်ပေးထားခြင်းဖြစ်သည်။

စာရေးသူက ၎င်းရေးသားစပ်ဆိုရေးဖွဲ့သော ကဗျာများသည် တိုင်းပြည်နှင့် အမျိုးဘာသာ သာသနာအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ အကျိုးဖြစ်ထွန်းစေလျှင် ကဗျာရေးဖွဲ့ရကျိုးနပ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ဦးမျိုးဆင့်(၀၁၁၄၁) ရှင်မတောင်စာပေ အမှတ် (၂၉၆) ၁/အနော်မာ (၇) လမ်း သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၆၉၈၇၃၀၄၂၄ မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ သတ်မှတ်ထားသည်။ ■

## ယခုနှစ်တွင် ဝါမျိုးစုံစိုက်ပျိုးရန် ၆၁၂၇၁၂ ဧကလျာထားပြီး ချည်မျှင်ရှည်ဝါကို ၄၇၉၀၉၂ ဧက စိုက်ပျိုးမည်

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်အတွက် ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်ရေးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိနေပြီး စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲခြင်းမှ ကုန်ချောထုတ်လုပ်သည့် ကွင်းဆက်အားလုံးသည် အလုပ်အကိုင်အခွင့်အလမ်းအမျိုးမျိုးနှင့် ကုန်သွယ်ရေးကဏ္ဍများ၊ စက်မှုလုပ်ငန်းကဏ္ဍများ၊ စီးပွားရေးလုပ်ငန်းများအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်သည်။



ယခုနှစ်တွင် ဝါမျိုးစုံစိုက်ပျိုးရန် ၆၁၂၇၁၂ ဧက လျာထားပြီး ချည်မျှင်ရှည်ဝါကို ၄၇၉၀၉၂ ဧက စိုက်ပျိုးကြမည်ဖြစ်သည်။

အဆိုပါ ချည်မျှင်ရှည်ဝါများသည် ဝွမ်းမွေးအရှည် ၂၈ မှ ၃၀ မီလီမီတာသာရှိကြပြီး အဆင့်မီချည်ချော ထုတ်လုပ်နိုင်ရေးအတွက် ဝွမ်းမွေးအရှည် ၃၃-၃၄ မီလီမီတာရှည်သော (Extra-long stable cotton) အလွန်ရှည်ချည်မျှင်ရှည်ဝါမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဝါမျိုးစေ့ထုတ်လုပ်တင်သွင်းသော ကုမ္ပဏီများ၊ ပညာရှင်များသည် ဇူလိုင် ၁၇ ရက်က ညွှန်ကြားရေးမှူး ချုပ်ရုံးအစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ELS ဝါစိုက်ဧကကို တစ်သိန်းထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် မျိုးစေ့ရရှိနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဌာနခြံစိုက်ကွင်းများတွင် သုတေသနပြုဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းမျိုးစေ့ထုတ် လုံလောက်စွာဖြန့်ဖြူးနိုင်ရေးအတွက် ဌာနမှ ကူညီဖြည့်ဆည်းမည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ယခုနှစ် ELS စိုက်ပျိုးမှုမှာ ဧက ၂၅၀၀၀ ရှိပြီး မိုးနှောင်းကာလတွင် ၁၀၀၀၀ စုစုပေါင်း ၃၅၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိသည်။

လာမည့်နှစ်တွင် ဧက ၅၀၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရန် အထူးဇုန်များ ဖွံ့စည်းစိုက်ပျိုးနိုင်ရေး၊ နှစ်စဉ် ဧက ၁၀၀၀၀၀ စိုက်ပျိုးရန် မျိုးစေ့လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ဝါမျိုးစေ့ ထုတ်လုပ် ဖြန့်ဖြူးကြသော Ayeyarwaddy Seed and Irrigation၊ TBL Seed Production Limited၊ Agro Bio Product Co.,Ltd၊ Aventine Limited နှင့် Omega Seed Co.,Ltd တို့မှ တာဝန်ရှိကုမ္ပဏီခြောက်ခုမှ တာဝန်ရှိသူများ၊ ဝါမျိုးစေ့ထုတ်လုပ်မှု ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❂ MNL မှ

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၁၉ မိနစ်တွင် လှထွန်းက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ဂိုးစပေးလိုက်ရသော်လည်း ကစားပုံပျက်မသွားဘဲ ချေပဂိုးရရန် ကြိုးပမ်းလာသည်။ ၂၈ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး စိုးမင်းဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ချေပဂိုးရပြီး သုံးမိနစ်အကြာမှာပင် ရတနာပုံအသင်း အနိုင်ဂိုးရခဲ့ပြီး ကာလပ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ရတနာပုံအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ ကာလပ်ကရရှိသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက သုံးပွဲကစား ခုနစ်မှတ်ရထားပြီး သစ္စာအားမာန်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

### လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ၁၃ မိနစ်တွင် မန်ထိပ်ပေါင်က ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း မဟာယူနိုက်တက်အသင်းအတွက် ၂၀၊ ၇၀ မိနစ်တွင် ပက်ထရစ်၊ ၂၈၊ ၄၁ မိနစ်တွင် အောင်လှိုင်ဝင်းတို့က ဂိုးများပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းကွင်းလယ်ကစားသမား အောင်လှိုင်ဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၃) နောက်ဆုံးနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual(Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station(AQMS)နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone($O_3$)နှင့် Carbon Monoxide(CO)စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုပ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6"></td></tr>
<tr><td></td><td>၇</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့</td><td colspan="4">ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မတ္တရာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td colspan="5"></td></tr>
<tr><td>၁၂</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



ဝါဆိုလပြည့်နေ့တွင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၂၀**

ဝါဆိုလပြည့်နေ့သည် သန္ဓေတောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာဆိုသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာ စတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာ စတင်ပေါ်ပေါက်လာသောနေ့ ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့် ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ပေဟိဘိက္ခုဟူသော စကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားဂုဏ်ဒြပ် ကိုးရပ်တို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

**စည်ကား**

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိမဟာမြတ်မုနိဘုရားကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

**အပန်းဖြေအနားယူ**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ငဝန်မြစ်နှင့် တိုးမြစ်တို့ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် (ငါးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် (ခုနစ်စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ၅၀ ဒသမ ၃၉ ပေ (၁၅၃၆ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၀ ဒသမ ၈၅ ပေ (၁၅၅၀ စင်တီမီတာ) အောက်သို့ ပေဝက်ခန့် (၁၄ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကို လည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ၊
( ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊
( ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင်ထားရှိပါ၊
(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊
( င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊
( စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊
(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊
( ခ) တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုကြပါ၊
( ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့် အတူထားရှိပါ၊
(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊
( င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာ နေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊
( ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊
( ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊
(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊
( င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊
( စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်း ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများ အနီးသို့ မသွားပါနှင့်၊
(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊
( ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
( ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
( ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
( င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊
( စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
( ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
( ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ၂၀၂၄ ခုနှစ် ဇူလိုင်လ တတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ချောက်မြို့၊မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် လက်ရှိရေမှတ်များ အောက်ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် နှစ်ပေမှ လေးပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

## မုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သောမုန်တိုင်းငယ်သည် ဩရိဿပြည်နယ်ပေါ်သို့ ရောက်ရှိခဲ့ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ချက်တစ်ဂတ်ပြည်နယ်သို့ ရောက်ရှိပြီး နောက် ၁၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## ဝါဆိုလပြည့်နေ့၌ ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျောက်ဆည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဝါဆိုလပြည့်နေ့တွင် ဘုရား၊ ကျောင်းကန်များတွင် သီတင်းသီလဆောက်တည်သူများနှင့် စည်ကားလျက်ရှိပြီး ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင်လည်း စတုဒိသာကျွေးခြင်း၊ အချိုရည်ဝေငှကုသိုလ်ယူခြင်းနှင့် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ၊ အဓိဋ္ဌာန်ပြုဆုတောင်းသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့ မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေး သင်တောင်းကျေးရွာအနီးတွင်တည်ရှိကာ သွားလာရလွယ်ကူပြီး နေ့စဉ် ဘုရားဖူးပြည်သူများနှင့် အမြဲစည်ကားလျက်ရှိကြောင်း၊ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးနှင့် လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး ဘုရားလုံခြုံရေးဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ဆိုင်ကယ်များနှင့် ကားများ စနစ်တကျထားရှိနိုင်ရေး ယာဉ်ရပ်နားကွင်းများ သီးသန့်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများ တပ်ကုန်းမြို့နယ် စိန်ပန်းပင်ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

တပ်ကုန်း ဇူလိုင် ၂၀



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် အိုင့်ကျယ်ကျေးရွာအုပ်စု စိန်ပန်းပင်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယနေ့မွန်းလွဲ ၂ နာရီခွဲက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးမှာကြား**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးရွာပြည်သူများက ကျေးရွာလမ်းအဆင့်မြှင့်တင်ရေး၊ လျှပ်စစ်ဓာတ်အားသုံး လျှပ်စစ်မီးဆောင်ရွက်ရေး တင်ပြခဲ့ကြရာ ကျေးရွာပြည်သူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် စိန်ပန်းပင်ကျေးရွာ ပြည်သူများ လိုအပ်လျက်ရှိသည့် လမ်းအဆင့်မြှင့်တင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျောင်းဆရာ ဆရာမနှင့် ကျောင်းစာသင်ဆောင် လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး စက်ရေတွင်း တူးဖော်မှု လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရေး ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ချင်းပြည်နယ်အုပ်ချုပ်ရေးမှူးဖလား မုတ်သုံစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ဟားခါး ဇူလိုင် ၂၀

ချင်းပြည်နယ် အုပ်ချုပ်ရေးမှူးဖလား မုတ်သုံစားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားများ တက်ရောက်ကြသည်။



**ပေးအပ်ချီးမြှင့်**

ဦးစွာ ချင်းပြည်နယ်အုပ်ချုပ်ရေးမှူးဖလား မုတ်သုံစားပွဲတင် တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ဗိုလ်လုပွဲအား ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး ပြိုင်ပွဲတွင် ဒိုင်အဖြစ်တာဝန်ယူပေးကြသူများအား ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တိုးကလည်းကောင်း၊ အပျော်တမ်းအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများအား ဒုတိယညွှန်ကြားရေးမှူး ဦးသီဟံစိုးကလည်းကောင်း၊ အထက်တန်းအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများအား ညွှန်ကြားရေးမှူး ဦးထွန်းသိန်းကလည်းကောင်း၊ အထက်တန်းအဆင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■MNL ယူ -၂၀ မှ

ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ခြောက်ပွဲကစား လေးမှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်ပွဲကစား တစ်မှတ်ရရှိထားသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Dagon Port အသင်းအတွက် အနိုင်ဂိုးကို ၈၉ မိနစ်တွင် သက်ပိုင်ထွဋ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းမှ တင်လင်းအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ခြောက်ပွဲကစား ရှစ်မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၇) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၁ ရက် (ယနေ့) တွင် ပဒုမ္မာကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ တောင်ဒဂုံကွင်း၌ ဒဂုံစတားယူနိုက်တက်နှင့် Junior Lions၊ စလင်းကွင်း၌ ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၂လမ်း၊ တိုက်(၃၂) (၃)ထပ်အဆောက်အဦ၏ ဒုတိယထပ်၊ အကျယ်(၁၅'x၄၀')ရှိ ရေမီးစုံတိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ချုန်း[၁၂/လသန(နိုင်)၀၀၇၃၄၄]+၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို အောင် မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ်(၉၈၇)၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ (C-11)လမ်း၊ မြေကွက်အမှတ်(၃၇၁-D)၊ ဧရိယာ(၅)ဧက၊ (၁)ယူနစ် အကျယ်အဝန်းရှိ(စိုက်ပျိုးရေး)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်ချိုချို[၁၂/ကတတ(နိုင်)၀၀၇၆၈၆]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမဟေန္ဒရကပူ(ခ)သိန်းအောင် [၇/ဖမန(နိုင်)၂၄၈၈၅၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်ဝင်းလှိုင်(LL.B)** **ဒေါ်စန္ဒာလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)** **အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)**
**ရုံးခန်း- အမှတ်(၂၇)၊ ပထမထပ်၊ ဇေယျာသီရိလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ တိုးချဲ့(၃)၊ မြေကွက်အမှတ်-EE-19 အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချယ်ရီဖြူ(ဘ) ဦးဂျွန်ဘော်စကို [၁၂/အစန(နိုင်)၁၉၂၅၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ကြေးမုံလင်း[၁၂/အစန(နိုင်)၁၈၂၃၆၀] မှ အထက်ဖော်ပြပါ မြေကွက်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်းများ)နှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နော်ကြေးမုံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိရွှေစင်(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၅၂၇၂/၂၇-၁၂-၂၀၁၈**
**အမှတ်-၅၈၊ B-4၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၇၆၉၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း-၁၃၊ လူနေရပ်ကွက်အမှတ်(၁၆)၊ တောင်တွင်းကြီးလမ်း၊ မြေကွက်အမှတ်(၁၅၂၉/ခ) မြေချပါမစ်မူရင်း ဒေါ်ခင်မေ အမည်ပေါက် အကျယ်အဝန်း (၂၀x၆၀)ပေမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇင်မျိုးထိုက်[၁၄/ဒဒရ(နိုင်)၁၄၁၃၃၀]နှင့် ဒေါ်ဆွေဆွေအောင် [၈/တတက(နိုင်)၁၇၇၇၇၂] တို့မှ တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အိအိထွန်းမှ ဝယ်ယူရန်အတွက် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အိအိထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဉ္ဇာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊**
**(၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၃၆၃၈၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ အောင်စန္ဒာလမ်း၊ တိုက်(၅၃)၊ အခန်းအမှတ်(၃၀၁)၊ တတိယထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိမ့်စိမ့်သူ[၉/ဇယသ(နိုင်)၀၀၇၁၀၆] မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်မူယာ[၁၁/စတန(နိုင်)၁၃၄၉၂၉]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မူယာ ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဉ္ဇာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊**
**(၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၃၆၃၈၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းကျေးရွာ၊ မြေတိုင်း (၂၆)ရပ်ကွက်၊ ရွှေချစ်ကြည်ရေးလမ်း၊ အမှတ်(၅၃၅)၊ [လှိုင်သာယာ/ရလပ(မ)၂၆/၅၃၅]ဟုခေါ်တွင်သော ဧရိယာ(၄၀x၆၀)ပေ၊ ဦးခင်အောင်(ဘ)ဦးညို (ISN-၆၂၀၃၉၅)အမည်ပေါက်ပါမစ်မြေ၏ ခေါင်းရင်းခြမ်း(၂၀x၆၀)ပေ မြေကွက်နှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသောအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် လက်ရှိထားပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဦးမင်းအောင်[၁၂/လသယ(နိုင်)၀၀၉၂၆၃] (ဘ)ဦးကျော်အေးထံမှ ကျွန်ုပ်မိတ်ဆွေဦးဆန်းမောင်[၈/ပမန(နိုင်)၀၉၂၃၆၅]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ အိမ်ခြံမြေအား အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဆန်းမောင်**
**[၈/ပမန(နိုင်)၀၉၂၃၆၅]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဝင့်ဝါထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၀၄)**
**အမှတ်(၂၉၀/ခ)၊ ပတ္တမြားရတနာလမ်းမကြီး၊**
**၉-ရပ်ကွက်။ ဖုန်း-၀၉-၂၅၀၇၅၀၇၅၂**


ရတနာ သစ်တော
ပြည့်သွေးကြော
သစ်တောရတနာ
ထိန်းသိမ်းပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင် ဦးထွန်းမောင် ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ(ငြိမ်း)**

**ကမ္ဘာ့အလေးမလက်ရွေးစင်နှင့်မောင်ကမ္ဘာ**

**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အနော်မာ(၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၈၈၄)နေ ဒေါက်တာရီရီလေး၏ ခင်ပွန်းဖြစ်သူ ဝဏ္ဏကျော်ထင် ဦးထွန်းမောင် (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ–ငြိမ်း)၊ (ကမ္ဘာ့အလေးမလက်ရွေးစင်နှင့်မောင်ကမ္ဘာ)၊ အသက်(၉၆)နှစ်သည် ၂၀–၇–၂၀၂၄ ရက် နံနက် ၁:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း/အမှုထမ်းများ**

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်ဝင်းသိန်း

**ဒု/ညွှန်ကြားရေးမှူး(ငြိမ်း)**
**စက်မှု(၁)ဝန်ကြီးဌာန**

**အသက်(၈၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၁၀)လမ်း၊ အမှတ်(၈၀၃)နေ (ဦးဘသိန်း–ဒေါ်အေးလှ) တို့၏သား၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ဦးယုစိန်(Mawlamyine Century Logisties Co.,Ltd.)–ဒေါ်ခင်သီတာဖြူ၊ ဒေါ်ခင်သော်တာဝင်း (Giving & Getting travels and tours)၊ ဦးချမ်းငြိမ်းဆွေ–ဒေါ်ခင်ကြည်ပြာဝင်း(ကာတွန်း KKP ချုပ်ထည်ပင်ရင်း)၊ (ကိုဝေဖြိုးအောင်) တို့၏ ချစ်လှစွာသောဖခင်၊ မောင်စစ်ပိုင်လင်း(Raffles Shipmanagement)၊ မဆုချမ်းငြိမ်းစံ၊ မခင်ထိပ်ထားစံ၊ မမေလင်းလက်စံ တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၉–၇–၂၀၂၄ ရက် ညနေ ၆:၁၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၇–၂၀၂၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်ကြည်

**အသက်(၆၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ မြင်တင်ရပ်နေ ဆရာဦးလှစိုး၏ ချစ်လှစွာသောဇနီး၊ ကိုမင်းသန့်စိုး၊ မအိဖြူဖြူနှင်းတို့၏ ချစ်လှစွာသောမိခင် ဆရာမဒေါ်မြင့်ကြည် အထက–၂ (စလင်း)(ငြိမ်း)သည် ၂၀.၇.၂၀၂၄ ရက်နေ့၊ မွန်းလွဲ ၁:၁၅ နာရီတွင် နေပြည်တော်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ၂၂.၇.၂၀၂၄ တနင်္လာနေ့ မွန်းလွဲ ၂:၀၀ နာရီတွင် ခုတင်–၁၀၀၀ ပြည်သူ့ဆေးရုံမှ ကျွေးကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများနှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ ချင်းတွင်းလမ်း၊ မြေကွက်အမှတ် (၅/၉၁၄) ၂၀' x ၆၀' နှင့် ၄င်းမြေကွက် နှင့် ဆက်စပ်လျက်ရှိသော မြေကွက်အမှတ် (၅/၉၁၃) မှ တစ်စိတ်တစ်ပိုင်းဖြစ်သော ၁၀' x ၆၀' စုစုပေါင်း ၃၀'x ၆၀' အားပိုင်ရှင်ဖြစ်သော ဦးမြသန်း [၁၂/ဒလန(နိုင်)၀၁၈၈၉၂] + ဒေါ်ခင်မာကြူ [၁၂/ဒလန(နိုင်)၀၁၃၅၅၃]တို့ထံမှ ဦးအောင်ဇော်ဦး [၁၂/ဒလန(နိုင်)၀၄၃၁၀၅]+ဒေါ်ကြည်ကြည်ဝင်း [၁၂/ဒလန(နိုင်)၀၂၇၀၈၃]တို့မှ အပြီးအပိုင် ဝယ်ယူထားပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ဦး+ဒေါ်ကြည်ကြည်ဝင်း**
**ဖုန်း–၀၉–၈၉၀၅၆၁၈၆၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရေဥက္ကံကျေးရွာ၊ အောင်သုခလမ်း၊ အမှတ်(၂၁၅/က)နေ ဦးခင်မောင်မြင့် [၈/စလန(နိုင်)၁၂၂၄၆၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစု(တိုးချဲ့)ရပ်ကွက်၊ စိန်သရဖူ(၁)လမ်း၊ အမှတ်(၅၆၆)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် အိမ်အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိထား ရောင်းချပိုင်ခွင့်ရှိသည့် ဦးလှမင်း [၁၂/လသယ(နိုင်)၀၂၆၄၃၃]နှင့် ဒေါ်မြင့်မြင့်ဝင်း [၁၂/လသယ(နိုင်)၀၂၆၄၃၄]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးခင်မောင်မြင့်** | **ဒေါ်သဇင်မြင့်(LL.B)** |
| **[၈/စလန(နိုင်)၁၂၂၄၆၅]** | **အထက်တန်းရှေ့နေ(စဉ်–၅၁၁၂၉)** |

**အမှတ်(၄၇၂/က)၊ အောင်မင်းခေါင်(၄)လမ်း၊**
**(၇)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၈၈၄၉၉၁၇၀**

---

သင့် သွေး ဖြင့် အ သက် ကယ် ပါ

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ(အမ်းမြို့)

**အသက်(၉၄)နှစ်**

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်နေ (ဦးဘအို–ဒေါ်ဖွားစိန်) တို့၏သမီးကြီး၊ (ဦးကျော်သိန်း)–ဒေါ်ခင်မေ၊ (ဦးအုန်းကျော်)–ဒေါ်အမာရီ၊ (ဦးခင်မောင်)–ဒေါ်စိန်ကြိုင်၊ (ဦးညီပုထွေး)–ဒေါ်ကြွယ်လေး၊ (ဦးသန်းမြင့်)–ဒေါ်ငယ်တယ် တို့၏အစ်မကြီး၊ ဦးဝင်းခိုင်–ဒေါ်ဦးကျော့တင်၊ ဦးဘဆန်း(အကောက်ခွန်–ငြိမ်း)–ဒေါ်သန်းသန်းဦး တို့၏ မိခင်၊ မြေး လေးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားဒေါ်ခင်ရီ(အမ်း) အသက်(၉၄)နှစ်သည် ၁၉–၇–၂၀၂၄(သောကြာနေ့) ညနေ ၅:၂၀ နာရီတွင် ကောင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၇–၂၀၂၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်–၁၈၊ နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဂင်ယု

**အသက်(၈၁)နှစ်**

မြိတ်မြို့နေ(ဦးကင်းချွန်–ဒေါ်လုံ)တို့၏ သမီး၊ ဦးသောင်းညွှန့်–ဒေါ်ဂင်ဆွာ၊ ဦးတင်စိုး–ဒေါ်ဂင်စွမ်၊ ဦးရှင်ဟို–ဒေါ်မြင့်မြင့်ဝေတို့၏ အစ်မ၊ ဦးကျော်အောင်မိုး–ဒေါ်နွယ်နွယ်ဝင်း၊ ဦးအောင်ထွန်းနိုင်–ဒေါ်အိအိဖြူစင်၊ ဦးကျော်နိုင်ထွန်း–ဒေါ်အိခိုင်မွန်ဆန်း၊ ဦးကျော်ခိုင်–ဒေါက်တာချောစန္ဒာ၊ ဦးထွန်းသူရိန်၊ ဦးရဲဝင်းခန့်–ဒေါ်ရီဝေဟာန်၊ ဦးမျိုးမင်းသန့်– ဒေါ်ဆုသဉ္ဇာသော်၊ ကိုသော်ဇင်ခန့်တို့၏ အဒေါ်၊ မြေး ကိုးယောက် တို့၏အဘွားသည် ၁၉ – ၇ –၂၀၂၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁ –၇–၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅–၇–၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် တိုက်(၂၄)၊ အခန်း(၂)၊ အဏ္ဏဝါရိပ်သာ၊ အလုံမြို့နယ် နေအိမ်သို့ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပုသိမ်(၃)လမ်း၊ (၂၀/၄၅) ရပ်ကွက်၊ အမှတ်(၇၂၃–ခ)ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၆၀ပေ x အနံ ၂၀ ပေ)ရှိ ပါမစ်မြေသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်မြတ်မြတ်ထွေး (ဘ)ဦးညာဏ်ဖေ [၁၂/လမန(နိုင်)၁၂၁၈၀၃] အမည်ဖြင့်မှတ်သားတည်ရှိသော (ပါမစ်မြေ)၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်စာရွက်စာတမ်း မူရင်းများဖြင့် တရားဝင်ပိုင်ဆိုင်ထားသော ဒေါ်သီတာထွေး [၁၂/ရပသ(နိုင်) ၀၆၀၃၆၁] မှ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ယင်း(ပါမစ်မြေ)အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာနှင်း [၁၂/လမန(နိုင်)၁၄၀၆၁၈]ကိုင်ဆောင်သူမှ (၁၈–၇–၂၀၂၄)ရက်စွဲပါ စာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ (ပါမစ်မြေ)နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)** | **ဒေါ်နန့်အိဆုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၂၂)** | **အထက်တန်းရှေ့နေ (စဉ်–၄၉၄၀၁)** |
| **အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊** | **ဒေါ်စန်းဇာနည်လွင် (LL.B)** |
| **(၃၉/B)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊** | **အထက်တန်းရှေ့နေ (စဉ်–၃၆၆၄၃)** |
| **ရန်ကုန်တိုင်းဒေသကြီး။** | |
| **Ph:09-422464007, 09-795598060** | |

---

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၊ လူနေရပ်ကွက်အမှတ်–၈၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်–၃၂၈(က)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးလှဝင်း အမည်ပေါက်မြေချပါမစ် ထွက်ရှိထားသော အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးလှဝင်းထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးစောချစ်ဝေဦး[၇/လပတ(နိုင်)၀၈၉၂၄၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလှမြင့်သိန်း ကိုယ်စား ဒေါ်မြင့်မြင့်ခင် [၁၂/ခရန(နိုင်)၀၇၈၉၃၆]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးလှမြင့်သိန်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၇/မလန(နိုင်)၀၇၅၁၀၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **အမှတ်–၁၉၂၊ (၈)လွှာ၊** | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **ဗိုလ်မြတ်ထွန်းလမ်း၊** | **ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၅၁၈၉၆၈၉** |
| **ဗိုလ်တထောင်မြို့နယ်၊** | |
| **ရန်ကုန်မြို့။** | |

---

## လွမ်းမပြေနိုင်ပါ (၁၁) နှစ်တာ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးကံတင့် (အလုပ်ရုံစိတ်မှူး)**

**(တပ်မတော်မိုးရေကာဖျင်စက်ရုံ–ငြိမ်း) သမိုင်း**

**(၂၁–၇–၂၀၁၃/၂၁–၇–၂၀၂၄)**

အစ်ကိုကွယ်လွန်သွားသည်မှာ (၁၁)နှစ်တာပြည့်ခဲ့ပြီဖြစ်သော်လည်း အစ်ကို့ကို တစ်နေ့မှ မေ့မရပါ။ အစ်ကို့အတွက်ရည်စူး၍ မှော်ဘီမြို့၊ သာသနဝန်ဆောင်ကျောင်း၌ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အစ်ကို့အား အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာနှင့် အစ်ကိုသာဓုခေါ်ဆိုပါ။

အစ်ကိုရေ

အမျှ–အမျှ–အမျှ

**ချစ်ဇနီး – ဒေါ်တင်ရွှေ**
**သား – မောင်နိုင်လင်းအောင်+မစီစီလှိုင်**
**မြေး – မောင်သျှိုင်းတေဇ၊ မောင်စစ်ပိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင် ဦးထွန်းမောင်၊**
**ဒုတိယညွှန်ကြားရေးမှူး၊အားကာ(ငြိမ်း)**
**ကမ္ဘာ့အလေးမလက်ရွေးစင်နှင့်မောင်ကမ္ဘာ**
**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အနော်မာ (၁၁) လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ် (၈၈၄)နေ ဒေါက်တာရီရီလေး၏ ခင်ပွန်းဖြစ်သူ ဝဏ္ဏကျော်ထင် ဦးထွန်းမောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ(ငြိမ်း)၊ ကမ္ဘာ့အလေးမလက်ရွေးစင်နှင့်မောင်ကမ္ဘာ၊ အသက်(၉၆)နှစ်သည် (၂၀–၇–၂၀၂၄) ရက်နေ့၊ နံနက်(၁:၅၀)နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်**

---

**ပြင်ပအလင်းရောင်ကို**

**အသုံးချပါ၊**

**မလိုအပ်သော**

**အိမ်တွင်းလျှပ်စစ်မီးများကို**

**လျှော့သုံးပါ**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်အောင်[၉/မကန(နိုင်)၀၈၆၃၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ခ)၊ မြေကွက်အမှတ်(၉၁)၊ အကျယ်အဝန်း (အလျား ၂၂/၂၅ပေ x အနံ ၈၅ပေ)၊ (၀.၀၄၆)ဧကအနက်မှ (အလျား ၂၂ ပေ x အနံ ၃၅ ပေ)ရှိ ဦးဖိုးမှန်လမ်း၊ မျက်နှာပွင့်ရှိ မြေကွက်နှင့် အဆိုပါ မြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အဦအပါအဝင် နှစ်(၆၀)ဂရန်မူရင်း ကိုင်ဆောင်ခွင့်၊ လျှပ်စစ်မီတာ(၂)လုံး၊ ရေမီတာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ဒေါ်နီနီမာ[၁၂/လမန(နိုင်)၀၂၀၂၁၉]၊ ၂။ဒေါ်ခင်စန်းယု[၁၂/လမန(နိုင်)၀၁၈၆၀၆]၊ ၃။ဒေါ်စုစုခင်[၁၂/အလန(နိုင်)၀၂၁၉၁၇]၊ ၄။ဒေါ်ဝင်းမာ [၁၂/လမန(နိုင်)၀၁၈၆၉၆]၊ ၅။ဒေါ်ထွေးထွေးမာ [၁၂/လမန(နိုင်)၀၁၈၆၉၇]၊ ၆။ဒေါ်တင်မာဝေ[၁၂/လမန(နိုင်)၀၁၈၆၆၅]တို့ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်အောင် က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** |
| **LL.B, B.D.S, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၄၄၇၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၅၆၄)** |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃–H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၅၃၄၆၈, ၀၉–၉၆၅၀၅၃၄၆၈, ၀၉–၅၁၈၁၂၁၀, ၀၉–၇၈၅၁၈၁၂၁၀**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် (သကမ–၁၃)၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(၆၅၅/က)၊ အကျယ်အဝန်း( ၂၀ x ၆၀ )ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ် စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ဇော်လင်း [၉/ကပတ(နိုင်)၁၂၄၈၀၃]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါ ပြီး (၇)ရက်အတွင်းကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၉)၊ ပိတောက် (၁) လမ်း၊ မြေကွက်အမှတ် (၄၈၇)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ (ခြေရင်းဘက်) ဂရန်မိတ္တူခြမ်း နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ခင်သိန်းမှ ဝယ်ယူပိုင်ဆိုင်ပြီး သားသမီးများဖြစ်သည့် ဒေါ်အုန်းအုန်းငွေး၊ ဦးတင်မြင့်ကျော်၊ ဦးတင်ဝင်းကျော်၊ ဦးသန့်ဇင်ထွေးတို့မှ အမွေဆက်ခံပိုင်ဆိုင်၍ တရားဝင်ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

---

**ညအချိန် အိပ်နေချိန်တွင်**

**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**

**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့၏အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်...**

❖ **ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟုပါဝင်...**

❖ **မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# စဥ့်ကူးမြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်း၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇူလိုင်လဆန်းပိုင်းမှစ၍ မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်အတွင်းသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ စဥ့်ကူးမြို့ဝန်းကျင်ရှိ လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ခြင်း၊ မြို့အတွင်းသို့ဝင်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသောနေရာများကို တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့နောက် PDF အမည်ခံ အကြမ်းဖက်သမားများသည် မြို့နှင့်အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အအုံများအားမီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ နေရပ်စွန့်ခွာသူဒေသခံများ၏ နေအိမ်များသို့ ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○**



မဟာယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် မဟာယူနိုက်တက်နှင့် Dagon Port အသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်း အနိုင်ရခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နိုင်ပွဲမရသေးသည့် ဇယားအောက်ဆုံးမှ နှစ်သင်းထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ငါးမိနစ်တွင် မျိုးခိုင်နှင့် ၄၁ မိနစ်တွင် လွင်မိုးအောင်တို့က ဂိုးများသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ မျိုးခိုင်က ရရှိသည်။ **စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ■**

## MNL ပြိုင်ပွဲတွင် ရတနာပုံနှင့် မဟာယူနိုက်တက်အသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ဇူလိုင် ၂၀ ရက်က ဆက်လက်ကျင်းပရာ ရတနာပုံနှင့် မဟာယူနိုက်တက် အသင်း နိုင်ပွဲရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် တန်းတက်သစ္စာအားမာန်အသင်းကို အနိုင်ယူကာ နှစ်ပွဲဆက် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းမှာမူ ခြေရည်တူကစားနိုင်သော်လည်း သုံးပွဲဆက်တိုက်အရေးနိမ့်ခဲ့သည်။ **စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ❂**



ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်စဉ်။

**ယနေ့ ဖတ်စရာ**

**ဒီမိုကရေစီစံနှုန်းများ တဖြည်းဖြည်းလျော့ပါးလာသော အမေရိက** — ဆောင်းပါး စာမျက်နှာ » ၁၀

**ဂါဇာကမ်းမြောင်အလယ်ပိုင်း နူဆီရတ်ဒုက္ခသည်စခန်းအား အစ္စရေးတပ်ဖွဲ့ဝင်များက ဗုံးခွဲတိုက်ခိုက်** — စာမျက်နှာ » ၁၃

**၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်** — စာမျက်နှာ » ၂၄